ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသောမြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လေ့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 June 2025 ၁၁၈၃၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငါးကန်များ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရေး ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုတင်သတိပေးသွားမည်

ရန်ကုန် ဇွန် ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းမှုကြောင့် ယခုရက်ပိုင်းအတွင်း မြန်မာပြည်တစ်ဝန်း နေရာအနှံ့အပြား မိုးမပြတ်ရွာသွန်းလျက်ရှိပြီး နောက်နှစ်ရက်အတွင်း မုတ်သုံလေအားအသင့်အတင့်ရှိနေမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားရာ ရေထွက်ကုန်များ မွေးမြူထုတ်လုပ်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရေး ကြိုတင်သတိပေးချက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✰



ငါးကန်များသို့ ရေများဝင်ရောက်လျှင် ကန်အတွင်းမှငါးများ မဆုံးရှုံးစေရန် ငါးကန်ပေါင်များပေါ်မှ ပိုက်များခံ၍ တားဆီးထားစဉ်။

# ကျွန်းလှမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၅၃ ဧက စိုက်ပျိုးမည်

ကျွန်းလှ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၅၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံ စိုက်ပျိုးဖို့ ၁၆၉၅၃ ဧက လျာထားပါတယ်။ အခုအခါ တောင်သူတွေ မေလကတည်းက စတင်စိုက်ပျိုးနေကြပြီး လက်ရှိအချိန်အထိ ၈၁ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး လျာထားချက်ပြည့်မီအောင်နဲ့ သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစိုက်ပျိုးသည့် တောင်သူများအား စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ စုစုပေါင်း ၅၁ ခု ဖွင့်လှစ်နိုင်ခဲ့ စာမျက်နှာ » ၅

နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်း စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် တရုတ် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး စိန်ရတုမှသည် ....



ဆောင်းပါး စာမျက်နှာ » ၆

မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးထား စာမျက်နှာ » ၉

ကြေးမုံ

# ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုမြှင့်တင် ပိုမိုခိုင်မာသည့် အနာဂတ်နိုင်ငံပုံဖော်

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့်ပတ်သက်၍ နိုင်ငံတော်တွင် လက်ကျန်ငွေကျပ် ၂၂၆ ဘီလီယံခန့်ရှိပြီး ယင်းငွေများကို စက်ရုံ၊ အလုပ်ရုံများတွင် အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် ထုတ်ပေးသွားလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၃၀ ရက်နေ့က ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်း၊ သွင်းအားစုများဖြစ်သည့် လောင်စာနှင့် လျှပ်စစ်ဓာတ်အား၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးနှင့် လုပ်အားများ လိုအပ်သည်။ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ဒေသတွင်းထုတ်လုပ်နိုင်သည့် ကုန်ကြမ်းများဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံချိန်တွင် နိုင်ငံတော်အကြီးအကဲက အမြဲတိုက်တွန်းပြောကြားလေ့ရှိသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုငွေကြေးများလိုအပ်ပြီး ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်း၍ ချေးငွေဆောင်ရွက်ပေးမှုများရှိသည်။ နိုင်ငံ့စီးပွားရေးဦးမော့လာအောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မန္တလေးငလျင်ကြီးကြောင့် MSME လုပ်ငန်းများမှအစ စက်ရုံ၊ အလုပ်ရုံများ၏ စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့သည်။

ဖော်ပြပါဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံတော်အကြီးအကဲက "မြန်မာ့စီးပွားရေး၏ ကျောရိုးပမာဖြစ်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ ပြန်လည်ရှင်သန်လာအောင်လည်း အာရုံစိုက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်မည်ဟုလည်း မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ထူထောင်ရေးဖိုရမ်ကဲ့သို့ ပွဲမျိုးကျင်းပခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောဖိုရမ်တွင် ပြန်လည်ထူထောင်ရေးဇုန်(Recovery zones)များကို သတ်မှတ်ခွင့်ပြုခြင်း၊ လုပ်သာကိုင်သာရှိသည့် သက်သာခွင့်မက်လုံးများပေးခြင်းနှင့် ESG–focused regulations ဟုခေါ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဝန်းကျင်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်မှုကောင်းမွန်ရေး အခြေခံလုပ်ထုံးလုပ်နည်းများကိုပါ ဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဟု ယူဆကြောင်း"ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများအတွက် ချေးငွေများဆောင်ရွက်ပေးနိုင်ရေး ငွေကျပ်ဘီလီယံ ၇၀၀ ကို လျာထားပြီး ရင်းနှီးမြှုပ်နှံမှုများအတွက် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ထို့အပြင် လက်ကျန်ငွေကျပ် ၂၂၆ ဘီလီယံကိုလည်း အကျိုးရှိရှိအသုံးချနိုင်ရေး ထုတ်ပေးသွားမည်ဖြစ်သည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်တွင်းအားဖြင့် မလုံလောက်သဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖန်တီးဖော်ထုတ်ကြရမည်ဖြစ်သည်။ ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များကိုလည်း မြန်မာနိုင်ငံကို ထောက်ခံအားပေးရုံမျှမကဘဲ "အမြင်သစ်မြန်မာနိုင်ငံ" (A new vision of Myanmar) အတွက် မြန်မာနိုင်ငံနှင့်အတူ ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်တည်ရှိနေမှုအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ကြီးမားသည့်ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခုအခါ ပြန်လည်ထူထောင်ခြင်းအစီအစဉ်နှင့်အတူ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သည့်အခါတွင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံဆောင်ရွက်ကြရန်လိုသည်။ ပြန်လည်တည်ဆောက် ခြင်းသည် ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးတည်ဆောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ထူထောင်၍ လုပ်ငန်းများ ပြန်လည်လည်ပတ်လာပါက အလုပ်အကိုင် အခွင့်အလမ်းများပေါ်များပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ မျှတကောင်းမွန်လာကာ ငွေကြေးစီးဆင်းမှု လည်ပတ်အားကောင်းလာမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းနှင့် ပြည်ပသို့ ရောင်းချသည့် ကုန်ပစ္စည်းများတွင် ပြည်ပသို့ရောင်းချနိုင်မည့်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုတိုးတက်ရရှိလာပြီး တိုင်းပြည်စီးပွားရေး ဦးမော့လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ငလျင်ဘေးအလွန်ကာလတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြှင့်တင်အကောင်အထည်ဖော်ပြီး အနာဂတ်မြန်မာနိုင်ငံကို ပိုမိုစည်းလုံးညီညွတ်သည့်၊ ပိုမိုခြုံငုံပါဝင်ကြသည့်၊ အနာဂတ်ကို အသင့်ဖြစ်နေမှု ပိုမိုခိုင်မာနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အားလုံးဝိုင်းဝန်းပုံဖော်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် )

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာ သန်းစိုးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဆင့်နေ့)ကျင်းပ

နေပြည်တော် ဇွန် ၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆင့်နေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၁၀၂၇ ပါး/ဦး အနက် ၈၅၆၇ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၆၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ၃ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၇၀၀ | ၄၁၆ | ၂,၇၄၆,၅၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၉,၁၇၄ | ၂၇,၄၅၄,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၇၀၀ | ၁၉ | ၁၄၅,၈၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၆၄ | ၁၁၅,၉၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၀ | ၅၆,၀၀၀ |
| EFR | ၁,၅၅၀ | ၁,၆၅၀ | ၁,၇၀၀ | ၂,၇၇၂,၅၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၅ | ၁၉,၅၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၉၇၁ | ၃,၀၁၀,၁၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၁,၀၀၀ | ၃,၁၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။



ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများ ယာယီဘာရှာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေသန့်စက်နှင့် အရာထမ်းများနေထိုင်မည့် ပတ္တမြားအိမ်ရာယာယီဘာရှာ အဆောက်အအုံသစ်တို့ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီဘာရှာအဆောက်အအုံများ၌ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ယာယီအဆောက်အအုံများအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ရေ၊ မီး၊ မိလ္လာများကို စနစ်တကျ သုံးစွဲကြရန်နှင့် ယာယီအဆောက်အအုံဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ပေးနိုင်ရေးအတွက် အမှိုက်ကန်များဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံပတ်လမ်းများကို အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ရေဝတီခန်းမ၌ ကျင်းပသည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဘုရားဆင်းတုတော်နှင့် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌကလှူဒါန်းသည့် စားသုံးဆီပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် အရာထမ်း၊ အမှုထမ်းများထံ ဘုရားဆင်းတုတော်နှင့် စားသုံးဆီများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ပြည်ပအလှူရှင်များက AHA Centre မှတစ်ဆင့် လှူဒါန်းသော ယာယီစာသင်ဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

အဆိုပါယာယီစာသင်ဆောင်သည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင်သုံးစွဲနိုင်သည့် ကွန်တိန်နာအဆောက်အအုံဖြစ်ပြီး တည်ဆောက်ချိန် ၁၀ ရက်ခန့်ဖြင့် ဆောက်လုပ်နိုင်ကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငါးဆောင်စီဖြင့် စုစုပေါင်း ယာယီစာသင်ဆောင် အဆောင် ၂၀ ကို အမေရိကန်ဒေါ်လာခြောက်သိန်းခန့်ဖြင့် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






## ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေ လှူဒါန်း

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် BANGKOK BANK PCL (Yangon Branch)မှ အလှူငွေကျပ် ၁၄၀၀၀၀၀၀၀ ကို မေ ၃၀ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ၌ လာရောက်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းငွေများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ သုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဒေသစိုက်ပျိုးရေး သုတေသန ခြံများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံး၌ သာမန်အားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော်လည်း ဒေသ ရေမြေ၊ ရာသီဥတုနှင့်သင့်လျော်ပြီး စီးပွားရေး တွက်ခြေကိုက်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရရှိရေး အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှု၍ သုတေသီများက ရာသီဥတုဖောက်ပြန်မှုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော သီးနှံမျိုးသစ်များ၊ နည်းပညာအသစ်များကို ရှာဖွေဖော်ထုတ်ကာ အသုံးချသုတေသနမှတစ်ဆင့် ထိရောက်သော နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆောင်ရွက်ချက်များနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်များမှ တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် ကဏ္ဍအလိုက်သုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဇွန် ၃**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ကွင်းအမှတ်(၁၁၈၄) ထောင်ဝိကွင်း၌ ပြည်နယ်စက်မှု လယ်ယာဦးစီးဌာန အမှတ်(၂၀)စက်မှုလယ်ယာစခန်းမှ ထွန်စက်ကြီးသုံးစီးဖြင့် မြေယာထွန်ယက်ပြုပြင်ခြင်းနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ သဘာဝအီးအမ် စုပါဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်းသရုပ်ပြနေမှုကို ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက စုပါဘိုကာရှီ ပြုလုပ်သုံးစွဲခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာမှ မွေးမြူရေးတောင်သူ ဦးမောင်ကြီး၏ မွေးမြူရေးခြံ၌ ဒေသနွားရွှေနီမျိုး ၁၅ ကောင် မွေးမြူထားရှိမှု၊ ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ ကွင်းအမှတ် (၁၂၀၇-က) ထန်းတပင်ကွင်းနှင့် ကွင်းအမှတ်(၁၂၀၇-ခ) ဝါဆူးကွင်းတို့၌ တောင်သူများ မြေယာပြုပြင်ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် တိုးချဲ့မွေးမြူရေးနှင့် မြေလွတ်၊ မြေလပ်မကျန် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူငယ်ရေးရာစင်တာ (Youth Center) (ပေ ၁၄၀ x ပေ ၈၀) RC သုံးထပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါ Youth Center အတွင်း စာသင်ဆောင်၊ အိပ်ဆောင်၊ ဂီတ၊ အနုပညာ၊ အိမ်တွင်းမှု၊ ပန်းချီ၊ ကွန်ပျူတာ၊ စာကြည့်တိုက်၊ ဘုရားခန်း၊ နားနေခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်းမ၊ အားကစားခန်းမများ ပြင်ဆင်ထားရှိမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ်အနီး စိန်ပန်းပြာလမ်းနှင့် စိန်ပန်းနီလမ်းထောင့်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကရင်ပြည်နယ် ဧည့်ရိပ်သာ RC ခြောက်ထပ် အဆောက်အအုံ၏ ဆက်စပ်လုပ်ငန်း ဖြစ်သော နှစ်ခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေဖြူမြို့နယ်၌ လယ်ဧက ၆၂၀ အတွက် မျိုးစပါးသွင်းအားစုများ ပေးအပ်

**ရေဖြူ ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်) သမဝါယမကဏ္ဍမှ မြို့နယ်အတွင်းရှိ လယ်ဧက ၆၂၀ အတွက် ငွေကျပ်သိန်း ၁၂၄၀ နှင့် ညီမျှသော မျိုးစပါး/သွင်းအားစု ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိဝင်းက ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဖြူမြို့နယ်ရှိ အလင်းရောင်သမဝါယမအသင်း၊ ထွန်းတောက်သမဝါယမအသင်း၊ မြစိမ်းရေသမဝါယမအသင်းသုံးသင်းရှိ အသင်းသားတောင်သူများအား စိုက်ပျိုးဧက ၆၂၀ အတွက် မတည်ငွေသိန်း ၁၂၄၀ နှင့်ညီမျှသော မျိုးစပါး/သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခတ္တာ**



# ပုလောမြို့နယ်၌ သမဝါယမကဏ္ဍဖြင့် မျိုးစပါးသွင်းအားစု မတည်ငွေကျပ် ၅၅၈ သိန်း ထုတ်ပေး



**ပုလော ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) သမဝါယမကဏ္ဍမှ တောင်သူများအား မျိုးစပါးသွင်းအားစု မတည်ငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက တောင်သူများအနေဖြင့် စိုက်ပျိုးအသုံးချရန် မတည်ငွေများကို အကျိုးရှိစွာ အသုံးချရန်အမှာစကားပြောကြားပြီး ပုလောမြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးမိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဧကအထွက်နှုန်းတိုးစေရန်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်စေရန် ထုတ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပုလောမြို့နယ်ရှိ သမဝါယမအသင်းလေးသင်းမှ အသင်းသား ၄၀ ကို လယ်တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့် ညီမျှသော မျိုးစပါးသွင်းအားစု မတည်ငွေအား လယ် ၂၇၉ ဧကအတွက် ငွေကျပ် ၅၅၈ သိန်းကို တောင်သူများ လက်ဝယ်အရောက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ စုစုပေါင်း ၅၁ ခု ဖွင့်လှစ်နိုင်ခဲ့



နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၅ ကို ယနေ့ နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်- ၅၂ ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ မကွေးခရိုင်၊ သရက်ခရိုင်နှင့် မင်းဘူးခရိုင်တို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ၅၁ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်ကြားမှုလက်ခံဖြေရှင်းသည့်လုပ်ငန်းစဉ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ကျန်ဒေသများတွင်လည်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် စားသုံးသူတိုင်ကြားမှုအများဆုံးဖြစ်သော အွန်လိုင်းငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍနှင့် မော်တော်ယာဉ်အရောင်းကဏ္ဍများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးသူဘက်က မှားယွင်းမှုများ၊ ပျက်ကွက်မှုများကြောင့် ဖြစ်ပေါ်လာသော စားသုံးသူနစ်နာဆုံးရှုံးမှုများကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ ဖြေရှင်းဆောင်ရွက်ပေးရန် ကျန်ရှိနေသော တိုင်ကြားမှုများကိုလည်း ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စားသုံးသူ အသိပညာပေးဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ လူဦးရေ ၆ ဒသမ ၄၀ သန်းကို အသိပညာပေးဆောင်ရွက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၁၂ ဒသမ ၄၈ ရာခိုင်နှုန်းကျော် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ရာ စားသုံးသူအသိပညာပေးကဏ္ဍကိုလည်း နယ်ပယ်အသီးသီးတွင် တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာကော်မတီများအနေဖြင့် စားသုံးသူကာကွယ်ရေးနှင့် လုပ်ငန်းသဘောသဘာဝချင်း ဆက်စပ်နေသော ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်စပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွေးနွေး၍ ဆုံးဖြတ်ချက်များ ချမှတ်သည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက In person ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးများက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# လျောင်ဒဏ်ခံစားခဲ့ရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဝန်ထမ်းများအတွက် မြတ်ဖောင်ဒေးရှင်းအဖွဲ့နှင့် ရုပ်ရှင်၊ တေးဂီတ၊ အနုပညာရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် ဇွန် ၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးသည် ယနေ့ နံနက်ပိုင်းတွင် လျောင်ဒဏ် ခံစားခဲ့ရသည့် ကော်မရှင်ရုံး ဝန်ထမ်းများ လတ်တလော နေထိုင်ရေး အဆင်ပြေစေရန် ရုံးဝင်းအတွင်းရှိ ကားရပ်နားရန် နေရာနှင့် ထမင်းစားဆောင်ရှိ ယာယီအခန်းငယ်များ၌ နေရာချထားမှု အခြေအနေနှင့် ရုံးဝင်းအတွင်းရှိ မြေလွတ်၊ မြေရိုင်းများကို စနစ်တကျပြုပြင်၍ တည်ဆောက်လျက်ရှိသည့် ဘာရှာအဆောက်အအုံနှင့် ရေ၊ မီး၊ မိလ္လာ၊ Modular House ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ပြန်လည်ပေးအပ်

မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌသည် လျောင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး ဦးစီးသည့် မြတ်ဖောင်ဒေးရှင်းအဖွဲ့နှင့် ရုပ်ရှင်၊ တေးဂီတ၊ အနုပညာရှင်များက ဒုတိယအကြိမ်အဖြစ် ငွေကျပ် သိန်းတစ်ရာ ထပ်မံပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရွှေဖုံးမှ

"လက်ရှိမှာတော့ ငါးမွေးတောင်သူတွေဆီက သတင်းမကြားရသေးပါဘူး။ မိုးလေဝသသတင်း ရရှိမှုအပေါ်မူတည်ပြီး ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ သတင်းထုတ်ပြန်ဖို့ရှိပါတယ်။ ရေတက်နိုင်တဲ့သတင်း တိတိကျကျရတာနဲ့ ချက်ချင်းထုတ်ပြန်ပေးသွားမှာပါ။ ရန်ကုန်နဲ့ ဧရာဝတီက ငါးကန်တွေ တစ်ကြိမ်ရေနစ်မြုပ်မှု ရှိခဲ့ဖူးပါတယ်။ ပဲခူးတိုင်းဒေသကြီးကငါးကန်တွေလည်း မြုပ်ခဲ့တယ်။ စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးမှာ ငါးမွေးကန်ဧက နှစ်သိန်းဝန်းကျင်နဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ဧကခုနစ်သောင်းကျော် ရှိတယ်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီးက ကန်တွေလည်း ဂရုပြုဖို့လိုပါတယ်။ မြေနိမ့်ပိုင်းဖြစ်တဲ့ အပြင် ပဲခူးမြစ်ဟာ ရေကြီးလေ့ရှိတာကြောင့် သတိပြုဖို့လိုပါ တယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

### မွေးမြူထုတ်လုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါး/ပုစွန်မွေးကန်များမှ ရေထွက်ကုန်များ နိုင်ငံတစ်ဝန်းသို့ နေ့စဉ် တင်ပို့လျက်ရှိပြီး ပြည်ပသို့လည်း တင်ပို့လျက်ရှိသည်။ ငါးမွေးမြူရေးကန်များ၌ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွတို့ကို အဓိကမွေးမြူလျက်ရှိကာ ပုစွန်၊ ငါးမုန့်၊ ငါးခုံးမ၊ ငါးပြေမနှင့် တီလားပီးယားငါးတို့ကို အနည်းငယ်မွေးမြူထုတ်လုပ်သည်။

"ငါးကန်တွေ ရေနစ်မြုပ်မှုကြုံရင် ဆုံးရှုံးမှုကြီးတတ်ပါတယ်။ မနှစ်က ဝါခေါင်လဆန်းနဲ့ လပြည့်ကျော်မှာ ရေကြီးခဲ့တယ်။ ငါးကန်ပေါင်ပေါ်မှာ ခါးလယ်အထိ ရေနစ်မြုပ်ခဲ့တော့ ငါးမရခဲ့ဘူး။ ဒီနှစ်မှာ ကန်ပေါင်တွေထပ်မြှင့်ထားပြီး ကြိုတင်ပြင်ဆင်ထားတယ်။ ရေကြီးတတ်တဲ့အချိန်ဟာ ဝါဆိုလပြည့်၊ ဝါခေါင်လပြည့်နဲ့ တော်သလင်းလပြည့်နေ့တွေဖြစ်ပြီး အစိုးရိမ်ရဆုံးလည်း ဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့မှ ငါးမွေးလုပ်ငန်းရှင် ဦးကျော်ကျော်ဦးက ပြောသည်။

မေ ၂၇ ရက်က ဘင်္ဂလားပင်လယ်အော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်သန်းတိုက်ခတ်ခဲ့သည့် မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ကြီးနားမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ မြင့်တက်ခဲ့ရာ အဆိုပါ မြစ်ရေများ မြန်မာပြည်အောက်ပိုင်းမြို့များသို့ ၁၀ ရက်မှ ၁၃ ရက်ကျော်အတွင်း ရောက်ရှိနိုင်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းချိန်၊ မြစ်နှစ်ခုမှရေများဆင်းလာချိန်နှင့် ဇွန် ၁၀ ရက် (နယုန်လပြည့်နေ့) ဒီရေတက်ချိန်တို့ တိုက်ဆိုင်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးကန်များ ရေကြီးနစ်မြုပ်နိုင်မှုကြောင့် ထိုသို့မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပေးထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ – ဖွဲ့မာန်**

**သစ္စာ(MNA)**

❂ ကျွန်းလှမြို့နယ်မှ

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ပဲတီစိမ်း ၅၄၁၂ ဧက၊ ပဲစင်းငုံ ၁၁၅၄၁ ဧက စုစုပေါင်း ၁၆၉၅၃ ဧကဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇွန် ၃

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဇလ**

# နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်း စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် တရုတ် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး စိန်ရတုမှသည် ....

**တာရာ**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားအလောင်းသည် ဟိမဝန္တာ၌ ဆင်ရှစ်သောင်းခြံရံသော ဆင်မင်းဖြစ်နေသည်။ ထိုတော၌ ငှက်မတစ်ကောင်သည် အမွေးအတောင် မစုံသေးသော ငှက်ကလေးများနှင့် အသိုက်လုပ်၍နေရာ တစ်နေ့တွင် ဆင်တို့သည် အသိုက်အနီးမှဖြတ်၍ အစာရှာထွက်လာလေသည်။

ငှက်မသည် သားငယ်တို့ကို နင်းမိမည် စိုးသည့်အတွက် ဆင်မင်းရှေ့တွင်ဝပ်၍ အတောင်နှစ်ဖက်ယှက်ပြီး ရှိခိုးအသနားခံကာ အသက်ကယ်ပေးရန် တောင်းပန်သည်။ ဆင်မင်းက ငှက်သားငယ်တို့၏ အသိုက်အထက်ကရပ်လျက် အကာအကွယ်ပေးပြီး ဆင်အပေါင်းတို့ဖြတ်၍ သွားစေပြီးမှ ငှက်မအား "နောက်တွင် တစ်ကောင်တည်း လာသောဆင်သည် ငါ၏စကားကို နားထောင်သူမဟုတ်။ ထိုဆင်လာလျှင်လည်း သင်၏သားငယ်တို့အတွက် တောင်းပန်ချေဦး" ဟု မှာကြားကာသွားသည်။

ငှက်မလည်း ထိုဆင်အား အလားတူနည်းအတိုင်း ရှိခိုးတောင်းပန်သော်လည်း ရိုင်းစိုင်းသောဆင်သည် အသိုက်ကို နင်းဖျက်ပြီး ဝမ်းမြောက်သောအသံပြုလျက် သွားလေသည်။

ငှက်မသည် သားငယ်တို့ ဆုံးရှုံးလိုက်ရသည့် အတွက် ဝမ်းနည်းကြေကွဲခံစားရလျက် တစ်နေ့ အကြောင်းသိစေမည်ဟု ကြိမ်းမောင်းကာ မိတ်ဆွေ ကျီးကန်းထံသွား၍ ဆင်၏ မျက်လုံးကို နှုတ်သီးဖြင့် ထိုးဖောက်ပေးရန် အကူအညီတောင်း၏။ ထို့နောက် ယင်မတစ်ကောင်ထံသွားကာကျီးကန်း ထိုးဖောက်ထားသည့် မျက်စိအနာတွင် ပိုးမွှားများဥချပေးရန် တောင်းဆိုသည်။

လောက်ကိုက်သည့် ဒဏ်ရာကြောင့် ပြင်းစွာသောဝေဒနာကို ခံစားနေရသော ဆင်ကြီးသည် အစာရေစာပြတ်လပ်၍ နေလေသည်။ ထိုအခါ ငှက်မက မိတ်ဆွေဖြစ်သူ ဖားအား တောင်ထိပ်တွင်နေ၍ အော်ရန် အကူအညီတောင်းပြန်လေသည်။ ဖားအော်သံကြောင့် ဆင်ကြီးသည် ရေရှိသည်အထင်နှင့် တောင်ထိပ်ပေါ်သို့ တက်၍ သွားလေသည်။

တောင်ထိပ်ပေါ် အရောက်တွင် အားအင်ချည့်နဲ့နေသည့် ဆင်ကြီးသည် အလွန်တရာနက်သည့် ချောက်ထဲသို့ကျကာ အသက်ဆုံးရှုံးခဲ့ရကြောင်း ဘုရားလောင်း၏ ဘဝဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်တွင် ဖတ်မှတ်ဖူးခဲ့သည်။



ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိဆေးရုံတွင် တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်ရဲဆွေ

အလွန် သေးငယ်လှသည့် ငှက်မသည် ခွန်အားဗလနှင့် ပြည့်စုံသော ဆင်ပြောင်ကြီးကို မိတ်ကောင်း ဆွေကောင်းများ၏ အကူအညီဖြင့် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

မိတ်ဆွေ သူငယ်ချင်းကောင်းရှိခြင်းက တစ်ယောက်အားဖြင့် ခက်ခဲနေသည့် အရာများကို စုပေါင်းအားဖြင့် ကျော်လွှားနိုင်သည့် သာဓကပင်ဖြစ်သည်။ အလားတူ မိတ်ဆွေကောင်းများဖြင့် အောင်မြင်ပျော်ရွှင်သည့် ဘဝကို တည်ဆောက်နိုင်သလို ရှည်လျားလှသည့် ဘဝသံသရာကိုပင် လမ်းဆုံးရောက်အောင် လျှောက်လှမ်းနိုင်သည် အထိ တရားထူးတရားမြတ်များ ရရှိစေနိုင်သည်။

အခက်အခဲ၊ အန္တရာယ်ကြုံတွေ့နေသည့်အခါ ရှောင်ဖယ်မသွားဘဲ အသက်ဘေးမှ ကာကွယ်ပေးခြင်း၊ ပစ္စည်းဥစ္စာများကို စောင့်ရှောက်ပေးခြင်း၊ ကြောက်လန့်နေခိုက် အားပေးနှစ်သိမ့်ခြင်း၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ပေးခြင်းတို့မှာ မိတ်ဆွေကောင်းတို့ ပြုလုပ်အပ်သည့် အမူအကျင့်များပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပါသည်။ ယင်းငလျင်ကြီးသည် ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် ဒုတိယအပြင်းထန်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို လိုက်နာကျင့်သုံးသော နိုင်ငံဖြစ်သည့်အားလျော်စွာ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများက ငလျင်ဘေးတွင် လက်မနှေးဘဲ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်း၊ လိုအပ်သည့် အကူအညီများ ထောက်ပံ့ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရုရှား၊ တရုတ်နှင့် အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံက လိုအပ်သည့် အစားအစာ၊ ဆေးဝါးစသဖြင့် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ပစ္စည်းများက အလျှင်အမြန်ပင် ရောက်ရှိလာခဲ့သည်။

မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးချိန်တွင် အစောဆုံးကူညီကယ်ဆယ်ရေး ရောက်ရှိလာခဲ့သည့်အဖွဲ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးကြောင့် အခက်အခဲများ၊ ဘေးဒုက္ခများနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက မြန်မာပြည်သူလူထုနှင့် ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာကို ပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ စာနာနားလည်ကြောင်း ပြသခဲ့သည်။

**"ငလျင်လှုပ်ပြီး ၁၈ နာရီအတွင်း တရုတ်နိုင်ငံမှ ကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံက ငလျင်ဒဏ်သင့်တဲ့ ဒေသကို စေလွှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့က မြန်မာနိုင်ငံကို ပထမဆုံးရောက်ရှိခဲ့တာဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ပထမဆုံးဆောင်ရွက်နိုင်ခဲ့ပါတယ်"** ဟု တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အာရှရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Liang Jianjun က ပေကျင်းမြို့၌ မေလ ၂၀ ရက်က ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအပါအဝင် လူပေါင်း ၆၀၀ ကျော်ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ ၃၁ ဖွဲ့ကို စေလွှတ်ပေးခဲ့သည်။

**"ကျွန်တော်တို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို ပေးခဲ့ပါတယ်။ တဲတွေ၊ အစားအစာ၊ ဆေးဝါးနဲ့ အခြားအရေးတကြီးလိုအပ်နိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေ အပါအဝင် သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အကူအညီတွေကိုလည်း ပေးအပ်ခဲ့ပါတယ်။ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကိုအကဲဖြတ်နိုင်ဖို့၊ ဒုတိယသဘာဝဘေး မဖြစ်ပွားစေရေးတားဆီးနိုင်ဖို့၊ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်တဲ့အခြေခံအချက်တွေကို အကူအညီပေးနိုင်ဖို့ ကပ်ရောဂါကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များကို အကဲဖြတ်နိုင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ရေးတို့မှာ ကျွမ်းကျင်ပညာရှင်တွေပါဝင်တဲ့ အဖွဲ့တွေကိုမကြာသေးမီက စေလွှတ်ထားပြီးဖြစ်ပါတယ်"** ဟု ထပ်လောင်းပြောကြားခဲ့သည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်ညီအစ်ကိုရင်းများ သဖွယ်ဖြစ်ကြောင်း၊ ငလျင်ဘေးတွင် တရုတ်နိုင်ငံမှ လျင်မြန်သော ကူညီကယ်ဆယ်ရေး လုပ်ငန်းများသည် တရုတ်-မြန်မာ အသိုက်အဝန်း၏ တူညီသော အနာဂတ်နှင့် အေးအတူပူအမျှ အတူတကွ ရပ်တည်မည်ဆိုသည့် အဓိပ္ပာယ်ကို သက်သေပြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အနေဖြင့် ငလျင်ဘေးသာမက ရာဂီမုန်တိုင်းဒဏ် ခံရစဉ်ကလည်း ကူညီထောက်ပံ့မှုများ ပေးခဲ့ပြီး မြန်မာနိုင်ငံ အနေဖြင့်လည်း တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအဖြစ် အစဉ် ရပ်တည်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆိုရိုးစကား တစ်ခုဖြစ်သည့် **"ဝေးကွာနေသောဆွေမျိုးသည် အနေနီးသော အိမ်နီးချင်းလောက် မကောင်းနိုင်ပါ"** ဆိုသည့်အတိုင်း အိမ်နီးချင်းကောင်း ရှိခြင်းသည် အေးချမ်းလုံခြုံသော အိမ်ကို ပိုင်ဆိုင်ထားခြင်းပင် ဖြစ်သည်။

အိမ်နီးချင်းများသည် အပြန်အလှန် အကျိုးပြုစောင့်ရှောက်ခြင်းဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ဖော်ဆောင်လာနိုင်မည်ဖြစ်သလို နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းပြီး စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် နှစ်လမ်းသွား ခရီးတစ်ခုပင် ဖြစ်သည်။

ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ကာ စည်းလုံးညီညွတ်ခဲ့ကြသည့် မြန်မာနှင့် တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံ ဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုရောက်ခဲ့ပြီဖြစ်ရာ စိန်ရတုမှသည် နှစ်ပေါင်း ထောင်သောင်း အစဉ် တည်တံ့ ခိုင်မြဲပါစေကြောင်း ဆုမွန် တောင်းလိုက်ရပါသည်။ ။

**"ငလျင်လှုပ်ပြီး ၁၈ နာရီအတွင်း တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့ကို မြန်မာနိုင်ငံက ငလျင်ဒဏ်သင့်တဲ့ဒေသကို စေလွှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့က မြန်မာနိုင်ငံကို ပထမဆုံးရောက်ရှိခဲ့ တာဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ပထမဆုံး ဆောင်ရွက်နိုင်ခဲ့ ပါတယ်"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Naypyitaw State Polytechnic University တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက် စာမေးပွဲဖြေဆိုနေမှု သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ Naypyitaw State Polytechnic University တွင် အင်အားပြင်းမန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ရပ်နားခဲ့ရသည့်တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ဘွဲ့ကြိုသင်တန်းများဖြစ်ကြသည့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်တို့၏ အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်း၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာ နည်းပညာသင်တန်းတို့၏ ပထမနှစ်ဝက်စာမေးပွဲ ဆက်လက် ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို သွားရောက် ကြည့်ရှုအားပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Language Lab၊ ICT နည်းပညာများကို အသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲများ ပြီးဆုံးချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဖြစ်စေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းများစတင်ဖွင့်လှစ်ပြီး ဒုတိယရက်ဖြစ်သော ယနေ့တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၆၀၃၁၀၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ ပေးအပ်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ် လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ ကြိုတင် နေရာချထားပေးခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းသင်ခန်းစာများ သင်ကြား/ သင်ယူနေမှုတို့ကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများက စာရင်းကျွမ်းကျင်သူများ မွေးထုတ်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်ကာ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)များတွင် အခြေခံပညာကျောင်းများကဲ့သို့ နှစ်စဉ် ဇွန်လမှ ဖေဖော်ဝါရီလထိ သင်တန်းကာလ ကိုးလဖြင့် သုံးနှစ်သင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းကျောင်းများက သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား သင်တန်းတက်ရောက်စဉ်ကာလအတွင်း အခမဲ့စားသောက်နိုင်ရေးစီစဉ်ပေးခြင်း၊ နေထိုင်ရေးအတွက် အဆောင်များစီစဉ်ထားရှိခြင်း၊ ပညာသင်ကြားရေးအတွက် စာရေးကိရိယာများ၊ ပြဋ္ဌာန်းစာအုပ်များအပြင် ပညာသင်ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါ(၃)နှစ်သင်တန်းတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် Grade 10, Grade 11, Grade 12 တို့၌ သင်ကြားသော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ Accounting နှင့် Computer ဘာသာရပ်များကို သင်တန်းကာလအတွင်း စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး လက်တွေ့လုပ်ငန်းခွင်ဝင်ရာတွင် အသင့်ဖြစ်စေရန်အတွက် Internship Program များနှင့် ကုမ္ပဏီ၊ စီးပွားရေးအသင်းအဖွဲ့များသို့ သွားရောက် ကွင်းဆင်းလေ့လာနိုင်ရေး ဆောင်ရွက်သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီးမြောက်အောင်မြင်သူများကို လက်မှတ်ရစီးပွားရေးစာရင်းကိုင်ပညာ အောင်လက်မှတ်ပေးအပ်ချီးမြှင့်လျက်ရှိသည်။ သင်တန်းပြီးမြောက်အောင်မြင်၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများသည် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများမှ သင်တန်းပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးအတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများကို ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးကာ စာရင်းကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်မြို့၌ အခြေခံပညာကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှု တာဝန်ရှိသူများကြည့်ရှုအားပေး

**ပြည် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား/ သင်ယူနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။



**ကြည့်ရှုအားပေး**

ထိုသို့ ကြည့်ရှုအားပေးရာတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအား "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းသားကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး" တို့အတွက် မိဘ/ ဆရာများနှင့် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်မြို့နယ်၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်ကိုယ်ပိုင်ကျောင်းများအပါအဝင် အခြေခံပညာကျောင်းပေါင်း ၂၁၉ ကျောင်းရှိသည်။ အဆိုပါကျောင်းများ၌ ဇွန် ၃ ရက်အထိ အခြေခံပညာ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၅၁၉၈ ဦး ကျောင်းအပ်နှံပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇွန် ၃**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေအကုန်အကျခံကာ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ လက်ရှိတွင် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)အပါအဝင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ အားကစားသမား မျိုးဆက်မပြတ်ရေးဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-11 အထိ အားကစားနည်း ခုနစ်နည်း၊ သင်တန်းသား သင်တန်းသူ ၉၁ ဦးကို လေ့ကျင့်သင်ကြားခဲ့ရာ ယခုပညာသင်နှစ်တွင် Grade-12 အထိ၊ သင်တန်းသား သင်တန်းသူ ၁၂၀ ဖြင့် လျာထားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အားကစားအထောက်အကူပြုပစ္စည်းများ၊ ဆန်နှင့်ဆီတို့ ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဘက်စုံသုံးခန်းမ၌ ကျောင်းအုပ်ကြီး၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မီတာ(၄၀၀)ပြေးလမ်းပါဘောလုံးကွင်း၊ ဂျူဒို၊ တိုက်ကွမ်ဒိုအားကစားရုံ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်၊ စာသင်ဆောင်၊ သင်တန်းသား စားရိပ်သာနှင့် ကျောင်းဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ နေပြည်တော် အမျိုးသားဘော်လီဘောအသင်းနှင့် ကယားပြည်နယ် အမျိုးသားဘော်လီဘောအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကယားပြည်နယ် အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်) အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် ဇွန် ၃**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း နယ်ပယ်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပညာရေးနှင့် အားကစားကဏ္ဍကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) အနေဖြင့် နိုင်ငံကိုယ်စားပြု လူငယ်လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင်လည်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့ကြောင်း၊ သင်တန်း တက်ရောက်ခွင့်ရရှိသော လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ အားကစားနည်းများ အလိုက် အစွမ်းကုန် ကြိုးစားလေ့လာသင်ယူကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားကောင်းများ ဖြစ်သည်အထိ ရည်မှန်းချက်ထားကာ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်) GYM အားကစားရုံအတွက် GYM ပစ္စည်းငါးမျိုးကိုပေးအပ်ရာ ကျောင်းအုပ်ကြီး ဦးသီဟအောင်နှင့် သင်တန်းသား သင်တန်းသူများ စားသောက်မှုအတွက် ဆန်အိတ် ၃၀၊ ဆီပိဿာ ၃၀ တို့ကို ပေးအပ်ရာ ဒုတိယကျောင်းအုပ်ကြီး ဦးခင်မောင်ထွေးတို့က လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်တရားသူကြီးချုပ်က ကယားပြည်နယ် အစိုးရအဖွဲ့မှ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ အလှူငွေများနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများ အတွက် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။



ယင်းနောက် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ အလှူငွေများ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အားကစားနည်းသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းစာကြည့်တိုက်၊ သင်တန်းခန်းမ၊ စာသင်ဆောင်၊ GYM လေ့ကျင့်ရေးခန်းမနှင့် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များကို စစ်ဆေးကြည့်ရှုပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ကြည့်ရှုကာ အားကစားသမားများကို ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် စားရိပ်သာ၌ အထူးနေ့လယ်စာကို သင်တန်းသား သင်တန်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် အတူ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဝင် ဦးမင်းဦး ပုဗ္ဗသီရိမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုဗ္ဗသီရိ ဇွန် ၃**

နေပြည်တော် ကောင်စီဝင် ဦးမင်းဦးသည် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အောင်သာယာရပ်ကွက် မိုးသီရိအထည်ချုပ်စက်ရုံကို ကြည့်ရှုစစ်ဆေးရာ MD ဦးဖြိုးသူက လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသည့် အခြေအနေများကို တင်ပြပြီး နေပြည်တော် ကောင်စီဝင်က လိုသည်များမှာကြားသည်။

ယင်းနောက် အထက(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ယာယီကျောင်းဆောင်အမြန်ပြီးစီးရေးဆောက်လုပ်ရန်နှင့် ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိဘဏ်ခွဲ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ပြီး တောင်သူ ၁၃၇ ဦးအား လက်ဝယ်အရောက် ချေးငွေပေးအပ်ကာ ဘဏ်၏ ချေးငွေထုတ်ပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ(ပြန်/ဆက်)**




# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူ့ကျိန်စာ တန်ပြန်ခံနေရတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များ နှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါး စိုက်ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးထား

**မင်းဘူး ဇွန် ၃**

မြန်မာသနပ်ခါးပင်များကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက တွေ့ရှိကာ လိမ်းကြံခြယ်သသုံးစွဲလာကြပြီး စိုက်ပျိုးကြသူများလာကာ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။



သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့တွင် တွေ့ရှိရကာ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် အများဆုံးစိုက်ပျိုး၍ ရေငတ်ပြီး ပူပြင်းသည့် ခြောက်သွေ့သောရာသီဥတုဒဏ်ကို ခံနိုင်သဖြင့် အညာဒေသ၏ ရတနာပင်များလည်း ဖြစ်သည်။

အမြင့်ပေ ၂၀ – ၃၀ ထိ မြင့်တတ်ပြီးပင်စည်နှင့် အကိုင်းအခက်များတွင် လက်မဝက်၊ တစ်လက်မခန့် ရှည်လျားသည့် မာကျောသောဆူးများပါရှိသည်။ အပင်နုစဉ်တွင် အပွေးမဲ့ပြီး အပင်ရင့်လာသောအခါမှ အပွေးထူလာတတ်သည်။ အရွက်ပုံသဏ္ဌာန်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲများ ထွက်တတ်သည်။ သနပ်ခါးအပွင့်ပုံသဏ္ဌာန်မှာသေးငယ်ပြီး အဝါနုရောင်ရှိသည်။

အသီးများ ရင့်မှည့်ချိန်တွင် မျိုးအဖြစ် စတင်ခူးယူနိုင်သည်။ ခူးယူပြီးသော သနပ်ခါးသီးကို ရေထဲတွင် စိမ်၍ ရေအောက်မြုပ်နေသော သနပ်ခါးအစေ့များကို သာယူ၍ ပျိုးထောင်ရသည်။ ရေပေါ်တွင် ပေါလောပေါ်နေသောအစေ့များသည် မျိုးအောင်မြင်ခြင်း မရှိပါ။

သနပ်ခါးကို စိုက်ပျိုးရန် အကောင်းဆုံးမြေမှာ ဂဝံနှင့် ကျောက်စရစ်မြေတို့ဖြစ်သည်။ ရွှံ့စေးမြေ၊ ဆားပေါက်သောမြေ၊ ရေဝပ်သောမြေများမှလွဲ၍ ကျန်မြေအမျိုးအစားများတွင် မည်သည့်မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်သည်။ သဲမြေတွင် စိုက်ပျိုးနိုင်သော်လည်း စိုက်ပျိုးပါက အပင်ငယ်စဉ်တွင် အပင်အသေအပျောက်များပြီး အပင်ဖြစ်ထွန်းမှု နည်းတတ်သည်။

မိုးရေချိန် ၁၀–၄၀ လက်မ အကြားတွင်ရှိသော နေရာဒေသများတွင်လည်း စိုက်ပျိုးနိုင်ကြသည်။ ၄၅ ရက်သားမှစ၍ မြေတွင် စတင်ပြောင်းရွှေ့ စိုက်ပျိုးနိုင်ပြီး သီးညှပ် စိုက်ပျိုးမည်ဆိုပါက တန်းကြား၊ ပင်ကြား (၈ ပေ x ၄ ပေ)၊ (၈ ပေ x ၅ ပေ) စသည်ဖြင့် စိုက်ပျိုးနိုင်သည်။ သီးညှပ်အဖြစ် နှမ်း၊ ပဲစင်းငုံ၊ မြေပဲစသည့် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများဖြင့် ကြိုက်သလို စိုက်ပျိုးနိုင်သလို တချို့က မိမိတို့၏ ခြံဝင်းများထဲတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသူများလည်း ရှိကြသည်။

စိုက်ပျိုးပြီး အနည်းဆုံး တစ်နှစ် တစ်ကြိမ်၊ ပေါင်းမြက်များ ရှင်းလင်းပေးကာ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများလည်း ရောနှော၍ ကျွေးရသည်။ အများအားဖြင့် ၈ နှစ်မှ ၁၀ နှစ်သားအရွယ်များတွင် ဈေးကွက်အတွင်း ခုတ်၍ ရောင်းချပါက အရောင်းအများဆုံး အရွယ်ဖြစ်သော်လည်း အရည်အသွေးအကောင်းဆုံး သနပ်ခါးတစ်ပင်ရရှိရန်မှာ သက်တမ်း ၃၀/၃၅ နှစ်ခန့် စောင့်ရသည်။

သနပ်ခါးကို အပင်သက်တမ်း ၁၀ နှစ်မှာ ခုတ်ယူရောင်းချပါက အတက် နှစ်ပင် သုံးပင် ပြန်ထွက်သော်လည်း အပင်သက်တမ်း နှစ် ၃၀/၄၀ အရွယ်မှာခုတ်၍ ရောင်းချပါက သနပ်ခါးအရည်အသွေးကောင်းသော်လည်း အပင်အိုသွား၍ အတက်ပြန်ထွက်အားနည်းသွားကြသည်။

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာကောင်းလှသော အရည်အသွေးနှင့် ပြည့်စုံသည့် မြန်မာ့သနပ်ခါးကို အများဆုံး စိုက်ပျိုးကြသော မြို့များမှာ အရာတော်၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ရွှေဘို၊ ပခုက္ကူ၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကာ သနပ်ခါးစိုက်ဧက သုံးသိန်းငါးသောင်းကျော် ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# သဲကုန်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သဲကုန်း ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဇွန် ၅ ရက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက သဲကုန်းမြို့နယ် အင်းပေါ်ငယ်အုပ်စု သစ္စိန်ပင်ဘုန်းကြီးကျောင်းဝင်းအတွင်း ကျင်းပသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် သဲကုန်းမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ သစ္စိန်ပင်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ကျွန်း၊ မန်ဂျန်ရှား စသည့်ပျိုးပင်ပေါင်း ၁၅၀ ကို စုပေါင်းစိုက်ပျိုးသည်။

သဲကုန်းမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေး၊ ဂေဟစနစ် တည်ငြိမ်မှုအား အထောက်အကူပြုစေရေး၊ ပြည်သူလူထုမှ သစ်ပင်စိုက်ပျိုးလိုစိတ်ဖြစ်ပေါ်လာပြီး သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထားတတ်စေရန်၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများမှ ရရှိခံစားနိုင်စေရန် ရည်ရွယ်၍ မြို့မပျိုးဥယျာဉ်၌ မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးရန်၊ ဒေသတွင်းစိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရန်အတွက် ပျိုးပင်ပေါင်း ၂၅၀၀၀ ဖြန့်ဝေစိုက်ပျိုးရန် ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အုတ်တွင်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အုတ်တွင်း ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက အခြေခံပညာအထက်တန်း(အုတ်တွင်း)ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များက ပျိုးပင်များပေးအပ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်အိရွှေဇင်အောင်တို့က လက်ခံရယူကြသည်။



ဆက်လက်၍ ကျွန်း၊ ပျဉ်းမ၊ ပိတောက်၊ မဟော်ဂနီ၊ ခရေပင်စုစုပေါင်းပျိုးပင် ၅၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ ပြောင်းစိုက်ခင်းများ စတင်စိုက်ပျိုးလျက်ရှိ

**ပင်းတယ ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ပြောင်းစိုက်ခင်းများ စတင်စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးကုန်ကျစရိတ်မြင့်ခဲ့ခြင်းကြောင့် တောင်သူများအနေဖြင့် သီးနှံရောင်းချချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

ပြောင်းစိုက်ခင်းတစ်ဧကကို စိုက်ပျိုးစရိတ်အနေဖြင့် ပြောင်းမျိုးစေ့၊ မြေဩဇာ၊ နွားချေးခြောက်၊ ပိုးသတ်ဆေး အစရှိသည်တို့ကို ဝယ်ယူရင်းနှီးရပြီး အပင်ရှင်သန်ရန် သီးနှံအောင်မြင်ဖြစ်ထွန်းစေရေးအတွက် တောင်သူငွေရမ်းခအပါ စိုက်ပျိုးစရိတ်ရှစ်သိန်းကျော်ခန့် ကုန်ကျခဲ့ကြောင်း၊ ထို့ကြောင့် ပြောင်းသီးနှံပင်များ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံစတင်ရောင်းချချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း ပြောင်းစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

**ဖြန့်ဝေရောင်းချ**

ပင်းတယမြို့နယ်မှ တောင်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြ၍ လက်ဖက်၊ ဂျုံ၊ ပဲပုပ်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ ပန်းမုန်လာ၊ ဆီနေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီစသည်တို့ကို တောင်ယာနှင့် လယ်ယာများတွင် စီးပွားဖြစ်စိုက်ပျိုးပြီး ရရှိလာသည့် ရာသီအလိုက် သီးနှံများကို အောင်ပန်းမြို့ပွဲရုံများမှတစ်ဆင့် မြန်မာနိုင်ငံမြို့ကြီးများသို့ ဖြန့်ဝေရောင်းချကြကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး

ကျော်နိုင်ဦး(ပတ်ဝန်းကျင်)

**နှစ်စဉ် ဇွန်လ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံသူ နိုင်ငံသားတွေအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအပေါ် အာရုံစူးစိုက်လာမိစေဖို့၊ အသိပညာတွေ မျှဝေမြှင့်တင်နိုင်ဖို့၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုတွေထဲက အချိန်အခါပေါ် မူတည်ပြီး ဖြစ်ပွားနေတဲ့ အရေးကြီးပြဿနာရပ်တွေ၊ အဓိကစိန်ခေါ်မှုတွေကို ပိုမိုသိရှိကာ အလေးထားပူးပေါင်းဖြေရှင်းနိုင်ကြစေဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းများစွာနဲ့ ကုလသမဂ္ဂကဦးဆောင်ပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အခမ်းအနားကို ကျင်းပပြုလုပ်ကြပါတယ်။**



လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး အလွန်အရေးပါတဲ့ ကမ္ဘာ့ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံ(UN Conference on the Human Environment)ကို ကုလသမဂ္ဂကကြီးမှူးပြီး ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံကြီးဟာ ကမ္ဘာ့နိုင်ငံသားတွေအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းလာစေဖို့ စတင်တွန်းအားပေးလိုက်တဲ့ ညီလာခံကြီးဖြစ်ပြီး အဆိုပါညီလာခံ ကျင်းပပြုလုပ်ခဲ့တဲ့ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အနေနဲ့ ၁၉၇၄ ခုနှစ်ကစပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်တွေ သတ်မှတ်ပေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ် အခမ်းအနားတွေကို ၁၉၈၇ ခုနှစ်ကစပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည်ကျင်းပခဲ့ကြပါတယ်။ ၂၀၂၅ ခုနှစ်မှာ ကမ္ဘာ့အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကိုရီးယားသမ္မတနိုင်ငံမှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ယခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally )"** ဖြစ်ပါတယ်။

## ဆောင်ပုဒ်၏ ရည်ရွယ်ချက်

အဆိုပါဆောင်ပုဒ်ရဲ့ အဓိကရည်ရွယ်ချက်က ကျွန်ုပ်တို့မှီခိုရှင်သန်ရာ သဘာဝပတ်ဝန်းကျင် သန့်ရှင်းကျန်းမာဖို့အတွက် ကမ္ဘာပေါ်မှာ တစ်နေ့တခြားဆိုးရွားလာနေတဲ့ ပလတ်စတစ်ညစ်ညမ်းမှုတွေကို အဆုံးသတ်တိုက်ဖျက်သွားမယ့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခု ပေါ်ထွက်လာပြီး အနာဂတ်ကာလမှာ ပိုမိုကောင်းမွန်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်လာစေရေး အစိုးရအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး စုပေါင်းအားနဲ့ ကြိုးပမ်းဆောင်ရွက်ဖို့ တိုက်တွန်းနှိုးဆော်ထားတာပဲ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလက ကိုရီးယားသမ္မတနိုင်ငံမှာ ကျင်းပခဲ့တဲ့ အဏ္ဏဝါပတ်ဝန်းကျင်အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုနဲ့ ပတ်သက်တဲ့ အစိုးရချင်းညှိနှိုင်းရေးကော်မတီရဲ့ ပဉ္စမအကြိမ်မြောက် အစည်းအဝေးမှာ နိုင်ငံတကာပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ တရားဝင်စည်းနှောင်မှုရှိတဲ့ သဘောတူညီချက်တစ်ခု ပေါ်ထွန်းလာစေရေး ကြိုးပမ်းချက်တွေကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့က အသိအမှတ်ပြု မီးမောင်းထိုးထင်ဟပ်စေမှာ ဖြစ်ပါတယ်။

## ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်

ယနေ့ ကမ္ဘာပေါ်ကလူသားတွေ လတ်တလောရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်း ပြဿနာသုံးရပ်ကတော့ ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်လာခြင်းနဲ့ စွန့်ပစ်ပစ္စည်းဆိုင်ရာ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းဆိုတဲ့ အချက်သုံးချက်ဖြစ်ပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာလည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းရဲ့ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်နေပြီး သက်ရှိသတ္တဝါတွေ ရှင်သန်ရပ်တည်ရေး၊ နိုင်ငံသားအားလုံးရဲ့ ကျန်းမာရေးနဲ့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လျက်ရှိလာပါတယ်။

ကမ္ဘာ့လူဦးရေတိုးပွားလာခြင်းနဲ့အတူ နည်းပညာတွေ ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းနဲ့ နေထိုင်မှုပုံစံတွေ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ ပလတ်စတစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီး လူသားတွေရဲ့ နေ့စဉ်ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ သစ်သား၊ သတ္တု၊ ဖန်ထည်၊ ကြွေထည်၊ မြေထည် စတာတွေနဲ့ ပြုလုပ်ထားတဲ့ ကုန်ပစ္စည်းတွေထက် ပလတ်စတစ်ရဲ့ ထူးကဲသာလွန်ပြီး စွဲမက်စရာကောင်းတဲ့ ဂုဏ်သတ္တိတွေကြောင့် လူ့ပတ်ဝန်းကျင်နေရာအနှံ့မှာ လွှမ်းမိုးနေရာယူလာပါတယ်။

ထုတ်လုပ်သုံးစွဲကြရာမှာ ထိန်းချုပ်မှုအားနည်းခြင်းနဲ့ စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်တာတွေကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ စိုးရိမ်ဖွယ်ရာ တွေ့ကြုံရင်ဆိုင်လာကြရပါတယ်။

## ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုအခြေအနေ

ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုဟာ ၂၀၂၃ ခုနှစ် စာရင်းတွေအရ တန်ချိန်သန်းပေါင်း ၄၀၀ ကျော် အထိ ရောက်ရှိခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ နှစ်စဉ်ပလတ်စတစ်ထုတ်လုပ်မှုဟာ ၂၀၀၀ ပြည့်နှစ်က တန်ချိန် သန်းပေါင်း ၂၃၄ သန်း ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ တန်ချိန်သန်းပေါင်း ၄၆၀ အထိ ရှိလာတဲ့အတွက် လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုအတွင်းမှာ နှစ်ဆမြင့်တက်လာခဲ့ပြီး ဒီပမာဏအတိုင်းသာ ထုတ်လုပ်မှုတွေ ဆက်လက်တိုးတက်နေဦးမယ်ဆိုရင် လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုဟာ တန်ချိန်သန်းပေါင်း ၁၁၀၀ အထိ ရောက်ရှိလာနိုင်ပါတယ်။ ဒါဟာ အဆမတန်များပြားလွန်းလှတဲ့ စိုးရိမ်ဖွယ်ရာ ထုတ်လုပ်မှုပမာဏ ဖြစ်နေပါတယ်။

ထုတ်လုပ်မှုအားလုံးရဲ့ ထက်ဝက်ခန့်ဟာလည်း တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေဖြစ်ကြောင်း သိရှိရပါတယ်။ တစ်ခါသုံး ပလတ်စတစ်ဆိုတာ တစ်ကြိမ်တစ်ခါသာအသုံးပြုဖို့ ရည်ရွယ်ထုတ်လုပ်ထားတဲ့ ပလတ်စတစ်အိတ်တွေ၊ ပလတ်စတစ်ပိုက်တွေ၊ ပလတ်စတစ်ပုလင်းတွေ၊ ဖော့ဘူးတွေ၊ ကြွပ်ကြွပ်အိတ်တွေနဲ့ အစားအစာထုပ်ပိုးရာမှာ အသုံးပြုတဲ့ ပလတ်စတစ်ပစ္စည်းမျိုးစုံကို ဆိုလိုတာဖြစ်ပါတယ်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေဟာ သယ်ယူရလွယ်ကူပြီး ထုပ်ပိုးရာမှာ ပေါ့ပါးခိုင်ခံ့ပါတယ်။ ဈေးနှုန်းအလွန်ချိုသာပြီး စွန့်ပစ်ရင်လည်း လွယ်ကူပါတယ်။

ဒီအချက်တွေကြောင့် ကမ္ဘာပေါ်မှာ နေ့စဉ်နဲ့အမျှ တစ်ခါသုံးပလတ်စတစ်တွေကို တွင်တွင်ကျယ်ကျယ် လူကြိုက်များ အသုံးပြုလျက်ရှိနေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပလတ်စတစ် မူလကုန်ကြမ်း(ကော်စေ့ကုန်ကြမ်း) တန် ၄၀၀ ခန့် ပြည်ပမှ နှစ်စဉ်တင်သွင်းလျက်ရှိပြီး အဆိုပါတင်သွင်းမှုနှုန်းဟာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေကြောင်း ပလတ်စတစ်လုပ်ငန်းရှင်များအသင်းရဲ့ အချက်အလက်တွေအရ သိရှိရပါတယ်။

## ပလတ်စတစ် စွန့်ပစ်မှုအခြေအနေ

ယနေ့အချိန်အခါမှာ ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေက အလွန်အန္တရာယ်ကြီးမားလှတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာနေပါပြီ။ ကမ္ဘာပေါ်က ထွက်ရှိလာသမျှ စွန့်ပစ်အမှိုက်မျိုးစုံ စုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းက ပလတ်စတစ်တွေပဲ ဖြစ်လို့နေပါတယ်။ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် သန်းပေါင်း ၃၅၀ ခန့် ပတ်ဝန်းကျင်ရှိ ရေမြေထဲကို စွန့်ပစ်လျက်ရှိနေကြပါတယ်။

ဒီလို စွန့်ပစ်နေမှုအနက်က ပလတ်စတစ် တန်ချိန် ၉ သန်းမှ ၁၄ သန်းအထိဟာ ပင်လယ်သမုဒ္ဒရာထဲကို နှစ်စဉ်စီးဝင်ရောက်ရှိနေပါတယ်။ အဏ္ဏဝါပင်လယ်ပြင်ထဲက အမှိုက်သရိုက်တွေကို အမျိုးအစားခွဲခြားကြည့်ရင် ၈၅ ရာခိုင်နှုန်းက ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေချည်း ဖြစ်နေပါတယ်။ ကမ္ဘာတစ်ဝန်းကလူတွေဟာ တစ်မိနစ်တိုင်းမှာ ရေနဲ့အချိုရည်ထည့်တဲ့ ပလတ်စတစ်ဘူးပေါင်း တစ်သန်းကျော် ဝယ်ယူသောက်သုံး၍ စွန့်ပစ်နေကြကြောင်းနဲ့ တစ်နှစ်မှာ ပလတ်စတစ်အိတ်ပေါင်း ၅ ထရီလီယံကျော် သုံးစွဲနေကြကြောင်း ပညာရှင်တွေရဲ့ ခန့်မှန်းချက်တွေအရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဧရာဝတီမြစ်ထဲကို ပလတ်စတစ်အမှိုက်တန်ချိန် ၁၁၉ တန်ခန့် နေ့စဉ်နဲ့အမျှ ရောက်ရှိနေကြောင်း စစ်တမ်းတွေအရ သိရှိရပါတယ်။ သတိပြုဆင်ခြင်ရမယ့် စွန့်ပစ်မှုပမာဏဖြစ်ပါတယ်။

## ပလတ်စတစ်၏ ဆိုးကျိုးများ

တစ်ခါသုံး ပလတ်စတစ်ထုတ်ကုန်ပစ္စည်းတွေရဲ့ ၉၈ ရာခိုင်နှုန်းကို ရေနံ၊ သဘာဝဓာတ်ငွေ့စတဲ့ ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်တဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေကို အသုံးပြုပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ပလတ်စတစ်ပစ္စည်းတွေ စတင်ထုတ်လုပ်တဲ့ အဆင့်၊ အသုံးပြုတဲ့အဆင့်မှသည် စွန့်ပစ်တဲ့အဆင့်အထိ သူ့ရဲ့ သက်တမ်းကာလတစ်လျှောက်လုံးမှာ ဆိုးကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါတယ်။

ပထမဦးစွာ ပလတ်စတစ်တွေ စတင်ထုတ်လုပ်တဲ့အချိန်မှာ ဘေးထွက်ပစ္စည်းအဖြစ် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း စတဲ့ ဓာတ်ငွေ့အမျိုးမျိုး ထုတ်လွှတ်တာကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ မှန်လုံအိမ်ဓာတ်ငွေ့တွေကြောင့် ကမ္ဘာပူနွေးမှုနဲ့ ရာသီဥတုပြောင်းလဲမှုကို ပိုမိုတွန်းအားပေး ဖြစ်ပေါ်စေပါတယ်။ ရုပ်ကြွင်းလောင်စာတွေ အသုံးပြုထားတဲ့ ပလတ်စတစ်ထုတ်လုပ်မှုတွေကတစ်ဆင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ ကမ္ဘာ့ကာဗွန်စုစုပေါင်းရဲ့ ၁၉ ရာခိုင်နှုန်းအထိ တိုးပွားနေကြောင်း စစ်တမ်းတွေအရ သိရှိရပါတယ်။

ဒုတိယအနေနဲ့ အသုံးပြုတဲ့အဆင့်မှာ ပလတ်စတစ်မှာပါတဲ့ ဓာတုပစ္စည်းတွေကြောင့် လူသားတွေကို အဆိပ်အတောက်ဖြစ်စေနိုင်ပါတယ်။ ဥပမာအားဖြင့် ပူလောင်တဲ့ အစားအသောက်တွေကို ကြွပ်ကြွပ်အိတ်နဲ့ တစ်ခါသုံး ပလတ်စတစ်တွေထဲကို ထုပ်ပိုးသယ်ဆောင်ကြတဲ့အခါ ပလတ်စတစ်မှာပါဝင်တဲ့ ခဲဓာတ်၊ အဆိပ်ဓာတ်နဲ့ အရောင်ဆိုးဆေးတွေဟာ အပူနဲ့ထိတွေ့မိပြီး အစားအစာထဲကို ပုံမှန်ထက် ပိုမိုလျင်မြန်စွာစိမ့်ဝင်ကာ ကင်ဆာရောဂါအပါအဝင် လူသားတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေပါတယ်။

တတိယအချက်အနေနဲ့ အသုံးပြုပြီးနောက် စွန့်ပစ်တဲ့အဆင့်မှာလည်း ပလတ်စတစ်အမှိုက်တွေကို စနစ်တကျမစွန့်ပစ်ပါက မြို့၊ ရွာရဲ့ သန့်ရှင်းသာယာလှပမှုကို အရုပ်ဆိုး အကျည်းတန်စေတဲ့အပြင် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါတယ်။ ပလတ်စတစ်ပစ္စည်းတွေရဲ့ ဓာတ်ဖွဲ့စည်းမှုအရ မြေကြီးထဲမှာ သဘာဝအလျောက် မပျက်စီးလွယ်ဘဲ နှစ်ပေါင်းရာနဲ့ချီကြာမှသာ ပြိုကွဲဆွေးမြည့်နိုင်တဲ့အတွက် သဘာဝမြေဆီလွှာတွေကို ထိခိုက်ပျက်စီးစေပြီး စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ သစ်တော/ သစ်ပင်တွေ ရှင်သန်ပေါက်ရောက်မှုကို များစွာထိခိုက်စေရပါတယ်။

စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ ပလတ်စတစ်အမှိုက်တွေဟာ ကုန်းမြေပေါ်ကတစ်ဆင့် ရေမြောင်းတွေ၊ မြစ်ချောင်းတွေရဲ့ စီးဆင်းမှုတွေကို ပိတ်ဆို့သွားပြီး မြို့လယ်ကောင်မှာပင် ရေကြီးရေလျှံမှုတွေ မကြာခဏမြင်တွေ့ကြရပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာ ရေထုညစ်ညမ်းစေပြီး အဖိုးတန်ရေချိုသယံဇာတတွေ ဆုံးရှုံးစေနိုင်ပါတယ်။ မြစ်ချောင်းတွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲကို ရောက်ရှိသွားတဲ့အခါမှာလည်း အဏ္ဏဝါညစ်ညမ်းမှုနဲ့ အဏ္ဏဝါဂေဟစနစ်တွေ ထိခိုက်ပျက်စီးကြရပါတယ်။ ပင်လယ်သမုဒ္ဒရာတွေထဲက ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေဟာ ရေနေသတ္တဝါတွေကို တွယ်ငြိမိခြင်း၊ သေးငယ်တဲ့ ပလတ်စတစ်အပိုင်းအစတွေကို ရေနေသတ္တဝါတွေက စားသုံးမိကြတဲ့အတွက် အစာခြေဖျက်မှုဆိုင်ရာပြဿနာတွေနဲ့ သေဆုံးမှုတွေ ဖြစ်ပွားကြရပါတယ်။

ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်လင်းအောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင် စတဲ့အဆိပ်ဓာတ်ငွေ့တွေ ထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို

**စာမျက်နှာ ၁၁ သို့**

❒ စာမျက်နှာ ၁၀ မှ

ဖြစ်စေတဲ့အပြင် အဆိုပါဓာတ်ငွေ့တွေကို ရှူရှိုက်မိတဲ့သူရဲ့ သွေးနဲ့ဆီးထဲအထိ ရောက်ရှိသွားနိုင်ပြီး ကင်ဆာကဲ့သို့ ရောဂါအမျိုးမျိုးဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကုန်းမြေပေါ်မှာသာမက ရေထုနဲ့ လေထုထဲအထိပါ ကောင်းကျိုးတစ်ခုမျှမပြုတဲ့ ပလတ်စတစ်ပစ္စည်းတွေဟာ ထုတ်လုပ်တဲ့အဆင့်မှသည် အသုံးပြုပြီး စွန့်ပစ်တဲ့အဆင့်အထိ ကာလတစ်လျှောက်လုံးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းစေရုံမျှမက သက်ရှိသတ္တဝါတွေအားလုံးအပေါ် ဆိုးကျိုးအန္တရာယ်တွေ သက်ရောက်စေနိုင်ပါတယ်။

## မိုက်ခရိုပလတ်စတစ် (Microplastics)

မိုက်ခရိုပလတ်စတစ်လို့ခေါ်ကြတဲ့ အလွန်သေးငယ်တဲ့ ပလတ်စတစ်အမှုန်အမွှားတွေဟာ အရွယ်အစားအနေနဲ့ ငါးမီလီမီတာအောက်သာရှိပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေ လေနဲ့ရေထဲမှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးခြင်းနဲ့ ပလတ်စတစ်ပစ္စည်းတွေ စတင်ထုတ်လုပ်စဉ်က ထွက်ရှိလာကြတာဖြစ်ပါတယ်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေဟာ အချိန်ကြာလာတာနဲ့အမျှ Microplastics အရွယ်အစားအထိ တစစတစစ ပြိုကွဲပျက်စီးသွားရင်တောင် ပလတ်စတစ်ထဲမှာပါတဲ့ ဆိုးရွားတဲ့ ဓာတုဂုဏ်သတ္တိတွေဟာ ပျောက်ပျက်မသွားပါဘူး။

ယနေ့အချိန်အခါမှာ မိုက်ခရိုပလတ်စတစ်တွေက ပင်လယ်သမုဒ္ဒရာတွေ၊ မြစ်ချောင်းတွေ၊ လေထုအတွင်းနဲ့ ကျွန်ုပ်တို့ရဲ့ နေ့စဉ်အစားအစာတွေထဲထိအောင် နေရာတကာမှာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါတယ်။ စွန့်ပစ်ရေဆိုးသန့်စင်တဲ့ စက်ရုံတွေမှာတောင် မိုက်ခရိုပလတ်စတစ် အမှုန်အမွှားတွေကို စစ်ထုတ်သန့်စင်ဖို့ ခက်ခဲနေကြပါတယ်။ မိုက်ခရိုပလတ်စတစ်တွေကို ရေနေသတ္တဝါတွေက သူတို့ရဲ့အစားအစာအမှတ်နဲ့ မှားယွင်းစားသုံးမိနေကြလို့ အဏ္ဏဝါမျိုးစိတ်ပေါင်း ၁၁၄ မျိုးရဲ့ခန္ဓာကိုယ်ထဲမှာ မိုက်ခရိုပလတ်စတစ်တွေကို တွေ့ရှိနေရကြောင်း သိပ္ပံပညာရှင်တွေက ဆိုကြပါတယ်။

မိုက်ခရိုပလတ်စတစ်တွေ ပါဝင်နေတဲ့ညစ်ညမ်းရေ၊ လေနဲ့ အစားအစာတွေကတစ်ဆင့် နောက်ဆုံးမှာ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေထဲအထိ ထိုးဖောက်ရောက်ရှိလာကြပါတယ်။ ဒါကြောင့် မိုက်ခရိုပလတ်စတစ်တွေကို ပင်လယ်ထဲက အသံတိတ် လူသတ်သမားလို့ပင် ခေါ်ဆိုလာကြပါတယ်။

လေ့လာတွေ့ရှိချက်တွေအရ လူတစ်ဦးဟာ တစ်နှစ်မှာ Microplastics အမှုန်အမွှား ခန့်မှန်း ၃၉၀၀၀ မှ ၅၂၀၀၀ အထိ အစာလမ်းကြောင်းကတစ်ဆင့် ခန္ဓာကိုယ်ထဲကို ရောက်ရှိနိုင်ပါတယ်။ ဒါ့အပြင် အသက်အရွယ်အပေါ် မူတည်ပြီး Micro-plastics အမှုန်အမွှား ၇၄၀၀၀ မှ ၁၂၁၀၀၀ အထိ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ခန္ဓာကိုယ်ထဲကို ဝင်ရောက်နိုင်ပါတယ်။ လူသားတွေရဲ့အဆုတ်နဲ့ သွေးထဲမှာသာမက ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ အချင်းထဲအထိပါ Microplastics တွေကို တွေ့ရှိနေရကြောင်း သုတေသနပြုချက်တွေအရ သိရှိရပါတယ်။ ဆိုးကျိုးအနေနဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အဆစ်အမြက်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အာရုံကြောရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်းနဲ့ မျိုးပွားမှုထိခိုက်ခြင်း စတဲ့ရောဂါဝေဒနာတွေ ဖြစ်ပွားနိုင်ပါတယ်။

## ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

လက်ရှိအချိန်မှာ ပလတ်စတစ်ညစ်ညမ်းမှုဟာ အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမယ့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေတဲ့အတွက် ကမ္ဘာတစ်ဝန်းလုံးမှာ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို အထူးအလေးထား လုပ်ဆောင်နေကြပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာကျင်းပခဲ့တဲ့ ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံ (United Nations

**❝ အဏ္ဏဝါပင်လယ်ပြင်ထဲက အမှိုက်သရိုက်တွေကို အမျိုးအစားခွဲခြား ကြည့်ရင် ၈၅ ရာခိုင်နှုန်းက ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေချည်း ဖြစ်နေပါတယ်။ ကမ္ဘာတစ်ဝန်းက လူတွေဟာ တစ်မိနစ်တိုင်းမှာ ရေနဲ့အချိုရည်ထည့်တဲ့ ပလတ်စတစ်ဘူးပေါင်း တစ်သန်းကျော် ဝယ်ယူသောက်သုံး၍ စွန့်ပစ်နေကြကြောင်းနဲ့ တစ်နှစ်မှာ ပလတ်စတစ်အိတ်ပေါင်း ၅ ထရီလီယံကျော် သုံးစွဲနေကြကြောင်း ပညာရှင်တွေရဲ့ ခန့်မှန်းချက်တွေအရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဧရာဝတီမြစ်ထဲကို ပလတ်စတစ်အမှိုက် တန်ချိန် ၁၁၉ တန်ခန့် နေ့စဉ်နဲ့အမျှ ရောက်ရှိနေကြောင်း စစ်တမ်းတွေအရ သိရှိရ❞**

Environment Assembly-UNEA-5.2) ရဲ့ ဆုံးဖြတ်ချက် အမှတ် (၅/၁၄)မှာ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ဖို့ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိတဲ့ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် ပေါ်ပေါက်လာစေရေး End Plastic Pollution: Towards an International Legally Binding Instrument ကို အတည်ပြုခဲ့ကြပါတယ်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့တဲ့ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဗန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို သဘောတူလက်မှတ်ခဲ့ကြပြီး မြန်မာနိုင်ငံအနေနဲ့လည်း ဒေသတွင်းလုပ်ငန်းအစီအစဉ်တွေမှာ အခြားအာဆီယံနိုင်ငံတွေနည်းတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့ရဲ့ နည်းပညာအထောက်အပံ့နဲ့ မြန်မာနိုင်ငံမှာ “Strengthening Capacity for Marine Debris Reduction in ASEAN region through formulation of National Action Plans for ASEAN Member States and Integrated Land-to-Sea Policy Approach (Phase-2)” စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (National Plastic Management Action Plan-NPMAP) ကို ရေးဆွဲခဲ့ပြီး ယခုအခါ အတည်ပြုထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းအစီအစဉ်ရဲ့ အဓိက မျှော်မှန်းချက်ကတော့ ပလတ်စတစ်တွေ စတင်ထုတ်လုပ်မှုမှသည် ၎င်းရဲ့သက်တမ်းတစ်လျှောက်မှာ အရင်းအမြစ်တွေကို အကျိုးရှိစွာ အသုံးချနိုင်တဲ့ ပတ်လည်စီးပွားရေးစနစ် ပေါ်ပေါက်လာစေရေး တွန်းအားပေးခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်စေရေးပင် ဖြစ်ပါတယ်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းတွေ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းနဲ့ စွန့်ပစ်ခြင်းကို ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေ တင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်တွေမှာ ကွန်ဗင်းရှင်းပါ ကတိကဝတ်တွေနဲ့အညီ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး စနစ်တကျ ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ်က အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ကာ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့နဲ့ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို ဦးစားပေး စီမံခန့်ခွဲနိုင်ဖို့ အလေးထား ဆောင်ရွက်လျက်ရှိနေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းထားရှိပြီး အဆိုပါ ကော်မတီတွေအနေနဲ့ ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချနိုင်ဖို့အတွက် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။

## လိုက်နာဆောင်ရွက်ရမည့် အချက်များ

အစားအစာထုပ်ပိုးရာကစလို့ ယာဉ်၊ လူ့အသုံးအဆောင်၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းနဲ့ ဆေးရုံသုံးပစ္စည်းအမျိုးမျိုးတို့အထိ နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်အသုံးပြုနေကြရတဲ့ ပလတ်စတစ်တွေကို ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်ကနေ လုံးဝဖယ်ထုတ်ပစ်လို့ မရနိုင်ပေမယ့် ပလတ်စတစ်ညစ်ညမ်းမှုကိုတော့ စနစ်ကျတဲ့ နည်းလမ်းကောင်းတွေနဲ့အတူ သေချာပေါက် ကန့်သတ်ထိန်းချုပ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထုတို့ဟာ တက်ကြွစွာ စုပေါင်းဆောင်ရွက်ကြဖို့ လွန်စွာအရေးကြီးလှပါတယ်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ သင့်လျော်တဲ့ ပလတ်စတစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်တွေ ထုတ်ပြန်ပြဋ္ဌာန်းပြီး သက်ဆိုင်ရာဌာနတွေက ထိထိရောက်ရောက် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေရှည်အတွက် ကောင်းမွန်ပြီး စနစ်ကျတဲ့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွေဟာ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ အမှိုက်ခွဲခြားစွန့်ပစ်တဲ့စနစ်နဲ့ အမှိုက်ခွဲခြားသိမ်းဆည်းတဲ့စနစ်တို့ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အသိပညာပေး လှုပ်ရှားမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရင်း ရေရှည်တည်တံ့တဲ့ ထုတ်လုပ်မှုနဲ့ စားသုံးမှုပုံစံတွေ မြှင့်တင်ပေးဖို့၊ တစ်ခါသုံး ပလတ်စတစ်တွေကို လျှော့ချနိုင်ဖို့နဲ့ Recycle လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ထောက်ပံ့တွန်းအားပေးကြရမှာ ဖြစ်ပါတယ်။

ပလတ်စတစ်ထုတ်လုပ်သူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စွန့်ပစ်ပစ္စည်းတွေကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ နည်းလမ်းတွေနဲ့ တာဝန်ယူစီမံဆောင်ရွက်ကြရပါမယ်။ အလွယ်တကူဆွေးမြည့်နိုင်တဲ့ Bio-degradable Plastics တွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းခြင်း၊ တစ်ခါသုံး ပလတ်စတစ် အစားထိုးပစ္စည်းတွေ တိုးမြှင့်ထုတ်လုပ်ခြင်း၊ ဈေးဆိုင်တွေမှာ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေ အခမဲ့ပေးခြင်းကို ရှောင်ရှားခြင်းနဲ့ အသုံးပြုလိုပါက သီးခြားအဖိုးအခကောက်ခံခြင်း စတဲ့အချက်တွေကို အလေးထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ရမယ့် သတ်မှတ်ချက် (Extended Producer Responsibility-EPR)ကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လည်း အရေးကြီးပါတယ်။ ဒါ့အပြင် ယနေ့ကမ္ဘာပေါ်မှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်ပြုပြင်သုံးစွဲနှုန်း (Recycling Rate)ဟာ ပလတ်စတစ် ထုတ်လုပ်မှုစုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းအောက်သာ ရှိနေသေးတဲ့အတွက် Recycle လုပ်ငန်းတွေ ပိုမိုအားကောင်းလာဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနည်းဆုံးနဲ့ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေတဲ့ ပတ်လည်စီးပွားရေးစနစ်(Circular Economy)ကို အကောင်အထည်ဖော်ကြဖို့လည်း အထူးလိုအပ်ပါတယ်။ ပတ်လည်စီးပွားရေးစနစ်ကိုသာ အသွင်ကူးပြောင်းလုပ်ဆောင်နိုင်မယ်ဆိုရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ပင်လယ်သမုဒ္ဒရာတွေထဲကို ရောက်ရှိလာမယ့် ပလတ်စတစ်ထုရဲ့ ၈၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်မှာဖြစ်ပြီး ပလတ်စတစ်ထုတ်လုပ်မှု ၅၅ ရာခိုင်နှုန်းခန့်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ ပြည်သူတွေကလည်း အစားအသောက်တွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထုပ်ပိုးသယ်ဆောင်ကြတဲ့အခါ ဟိုယခင်နှစ်ပေါင်း ၃၀ ကျော်ခန့်က မိရိုးဖလာအသုံးပြုခဲ့တဲ့ အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်တို့အပြင် ကိုယ်ပိုင်ထမင်းချိုင့်၊ ထမင်းဘူး၊ ဓာတ်ဘူး၊ ရေဘူး၊ လက်ဆွဲခြင်း၊ ချည်နဲ့ ပြုလုပ်ထားတဲ့ ဈေးဝယ်အိတ်တာတွေကို အသုံးပြုပြီး တစ်ခါသုံး ပလတ်စတစ်တွေ သုံးစွဲမှုကိုလျှော့ချခြင်း (Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)နဲ့ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) ဆိုတဲ့ 3R နည်းလမ်းတွေကို လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ ပလတ်စတစ်အစားထိုးပစ္စည်းတွေကို သုံးစွဲရင်း တစ်ခါသုံး ပလတ်စတစ်တွေကို ငြင်းဆန်ခြင်း(Reject) နဲ့ ပြန်လည်ပြုပြင်ထုတ်လုပ်တဲ့နေရာတွေဆီကို ပို့ဆောင်ခြင်း (Return) စတဲ့အချက်တွေကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြရပါမယ်။ အမှိုက်တွေကို လဟာပြင်မီးရှို့ခြင်းနဲ့ မြစ်ချောင်းတွေထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။

မိမိတို့သုံးစွဲလိုက်တဲ့ ပလတ်စတစ်အပါအဝင် အခြားစွန့်ပစ်အမှိုက်တွေကို သတ်မှတ်ထားတဲ့ နေရာတွေမှာ စည်းကမ်းချက်တွေနဲ့အညီ စနစ်တကျစွန့်ပစ်ကြရမှာဖြစ်ပါတယ်။ ဒီလို လူတိုင်းအလွယ်တကူလုပ်ဆောင်နိုင်တဲ့ နည်းလမ်းလေးတွေကို နေ့စဉ်နဲ့အမျှ အလေ့အကျင့်ဖြစ်လာတဲ့အထိ ကျင့်သုံးလိုက်နာကြရပါမယ်။ ကမ္ဘာမြေကြီးအတွက် စိုးရိမ်ပူပန်စရာ ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေက ကျွန်ုပ်တို့ရဲ့ လက်ဝယ်မှာအသင့်ရှိနေပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ပဲ လိုအပ်ပါတယ်။

## တိုက်တွန်းနှိုးဆော်ချက်

ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ဖို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍနဲ့ ကျွန်ုပ်တို့ ပြည်သူအားလုံးက လက်တွဲညီညီပူးပေါင်းပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြဖို့ အချိန်တန်ပါပြီ။ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံး ပလတ်စတစ်တွေကို မဆင်မခြင် ဆက်လက်ထုတ်လုပ်သုံးစွဲစွန့်ပစ်နေသမျှ ကာလပတ်လုံး ကမ္ဘာပေါ်က ပလတ်စတစ်ညစ်ညမ်းမှုဟာ တစ်နေ့တခြား ဆက်လက်တိုးပွားနေဦးမှာ ဖြစ်ပါတယ်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချနိုင်ဖို့နဲ့ ရေရှည်စဉ်ဆက်မပြတ်ဖြစ်တဲ့ အခြားနည်းလမ်းကောင်းတွေကိုလည်း အတူတကွ ပူးပေါင်းရှာဖွေ ဖော်ထုတ်ကြရပါမယ်။

ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး ကောင်းမွန်နိုင်လှတဲ့ စီမံခန့်ခွဲမှုစနစ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အတူ လက်တွဲညီညီ လိုက်နာအကောင်အထည်ဖော်သွားကြရင် အောင်မြင်မှု မလွဲမသွေ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့လူသားတွေ ရှင်သန်နေထိုင်ရာ တစ်ခုတည်းသော ဤကမ္ဘာမြေကြီး စိမ်းလန်းသာယာပြီး အနာဂတ်မျိုးဆက်သစ်တွေအတွက် ပျော်ရွှင်စရာ ကမ္ဘာမြေအဖြစ် လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ကြစေဖို့ ပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားနဲ့ ပူးပေါင်းပါဝင်ကြပါလို့ အလေးအနက်တိုက်တွန်းရင်း **၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန်ကျည်စင်ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီနှင့် သောတပန်ရပ်ကွက်ရှိ စာသင်တိုက်များ၌ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေသန့်ထုတ်ဝေပေးနေမှုများ၊ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာများတွင် မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရန် Modular House ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် တကောင်းရပ်ကွက် ဧရာဝတီမြစ်ကူးတံတား(စစ်ကိုင်း)အောက် မြေနိမ့်ပိုင်းရှိ ရေဝပ်သောနေရာများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းဆောင်ရွက်နေမှုနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားကွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းမှ ငလျင်ဒဏ်သင့် ပြည်သူများ၏ စားသောက်နေထိုင်ရေးအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းနှင့် လုပ်ငန်းတိုးတက်မှုများ၊ ပြန်လည်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများအား ရွှေ့ပြောင်းထားရှိမှုများနှင့် ဌာနအသီးသီးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းရင်းဆေးရုံကြီးနှင့် ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုသဆောင်များမှ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အောင်ချမ်းသာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအပျက်အစီးများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ငလျင်ဒဏ်ကြောင့် စာမေးပွဲဖြေဆိုရန် ရပ်တန့်ခဲ့ရသော ကျောင်းသား ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနေမှုများနှင့် ယာယီစာသင်ဆောင်များဆောက်လုပ်နေမှုများ၊ တရုတ်စုရပ်ကွက်မျက်စိအထူးကုဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျောင်းကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင် ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့်နေရာများ ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇွန် ၃**

ညောင်ရွှေမြို့နယ် သာလေးကျေးရွာအုပ်စု နမ်းဟူးကျေးရွာရှိ ဖောင်တော်ဦး မြတ်စွာဘုရား ရတနာစံကျောင်း၌ စက်ယန္တရားကြီးများဖြင့် မြေထိန်းနံရံများ ပြုလုပ် ဆောင်ရွက်နေမှုများ၊ ဖောင်တော်ဦး ဘုရားကျောင်းဆောင်နှင့် ရင်ပြင်တော် Soil Test တူးဖော်ပြီးစီးမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများ ပြန်လည် တည်ဆောက်ရေး ဆောင်ရွက်နေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ငလျင်ဒဏ်သင့် ဒေသခံပြည်သူများအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကား ပြောကြား၍ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများ အတွက် အဆောက်အအုံနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းပြီး (ဝဲပုံ) ဇရပ်ကြီးကျေးရွာရှိ ဆောက်လုပ်ပြီးစီးသည့် ဒေသခံပြည်သူတစ်ဦး၏ နေအိမ်သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကေလာကျေးရွာအုပ်စု ကေလာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများအား စာသင်ကြားပို့ချနေမှုများနှင့် ယာယီကျောင်း အဆောက်အအုံ ဆောက်လုပ်သည့် နေရာများကိုကြည့်ရှု၍ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ပြီး ဇရပ်ကြီးကျေးရွာ၊ ကေလာကျေးရွာရှိ ဒေသခံနေအိမ် အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်း အခြေအနေများကို ကြည့်ရှုကြသည်။

**အလှူငွေများပေးအပ်**

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်မြို့ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိခင်/ကလေးဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်မိခင်/ကလေးဥက္ကဋ္ဌများက ရှေ့လုပ်ငန်းစဉ်များနှင့် လစဉ်ဘဏ္ဍာရေးရှင်းတမ်းများအား တင်ပြကြရာ နာယကကြီးက လိုအပ်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အိန္ဒိယနိုင်ငံတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ဒေသခံငါးသိန်းကျော် ထိခိုက်ခံစားရ



နယူးဒေလီ ဇွန် ၃

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများဆက်လက်ဖြစ်ပွားနေပြီး ဒေသခံငါးသိန်းကျော် ထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန် ၃ ရက်တွင် ပြောကြားသည်။

ပြည်နယ်အတွင်းရှိ ခရိုင်၂၂ ခုတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၅၁၅၀၃၉ ဦး ထိခိုက်ခံစားခဲ့ရပြီး ပြီးခဲ့သည့်ရက်များအတွင်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဒေသခံ ၁၉ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၅၄ ရွာ ရေလွှမ်းမိုးခဲ့ပြီး သီးနှံစိုက်ပျိုးမြေဧရိယာ ၁၂၆၁၀၂၇ ဟက်တာပျက်စီးခဲ့ကြောင်းသိရသည်။ သဘာဝဘေးကျရောက်ရာဒေသများတွင် ကယ်ဆယ်ရေးစခန်း ၁၆၅ ခုနှင့် စားနပ်ရိက္ခာဖြန့်ဖြူးရေးစင်တာ ၁၅၇ ခုကို ဖွင့်လှစ်ခဲ့ကြောင်းနှင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့များကို တာဝန်ပေးအပ်ခဲ့ကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ပြည်နယ်အတွင်းရှိ ဒေသအများအပြားတွင် မိုးရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ လမ်းများ၊ တံတားများနှင့်ရေထိန်းနံရံများပျက်စီးခဲ့ကြောင်း ဂူဝါဟာတီရှိ ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အောလ် အိန္ဒိယအသံလွှင့်ဌာနက ဇွန် ၃ ရက်တွင် ပြောကြားသည်။ ဘီဟာပြည်နယ် မြို့တော်ပတ်တနာ၏ အနောက်မြောက်ဘက် ၁၃၈ ကီလိုမီတာအကွာ ဆီဝမ်ခရိုင်တွင်ငင်းသဘာဝဘေးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျကာ နံရံများပြိုကျခဲ့ကြောင်း သိရသည်။ Bajitpur ရွာတွင် ရွေ့လျားနေသည့် ကားတစ်စီးအပေါ်သို့ သစ်ပင်တစ်ပင် လဲကျခဲ့သဖြင့် ဒေသခံတစ်ဦးသေဆုံးခဲ့ပြီး လေပြင်းတိုက်ခတ်မှုအတွင်း အမျိုးသမီးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းနှင့် မိုးကြိုးပစ်နိုင်ခြေ အပါအဝင် ဆိုးရွားသောရာသီဥတုကို သတိပြုနေထိုင်ကြရန် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနက ဒေသခံများအား ပန်ကြားထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများပိတ်ဆို့ကာ နေအိမ်များပြိုကျ

ပေကျင်း ဇွန် ၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းယူနန်ပြည်နယ်တွင် ယမန်နေ့က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများပိတ်ဆို့ကာ နေအိမ်များပြိုကျခဲ့ကြောင်း သိရသည်။

နူကျန်လီဆု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးရွာသွန်းမှုကြောင့် ဒေသခံ ၅၈၈၅ ဦး အပါအဝင် တံတား ၁၆ စင်းနှင့်နေအိမ် ၂၇ လုံး ပျက်စီးခဲ့ပြီးလမ်းများ ယာယီပိတ်ထားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

Diqing တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင်လည်း မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လမ်းအများအပြားကို ပိတ်ထားခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ၎င်းဒေသသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသွားများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင်၎င်းဒေသရှိ လမ်းများကို ပြင်ရန်အတွက် လုပ်သားများကို တာဝန်ပေးအပ်ခဲ့ပြီး သဘာဝဘေးအတွင်းပိတ်မိနေသည့် ဒေသခံများကို မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ လာမည့်ရက်များအတွင်း မိုးအများအပြားထပ်မံရွာသွန်းနိုင်သဖြင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဂျပန်နိုင်ငံ အမ်ဇန်မီးတောင်ပေါက်ကွဲခြင်းဖြစ်စဉ်တွင် သေဆုံးခဲ့သူများ၏မိသားစုများ အခင်းဖြစ်ပွားရာဒေသသို့ သွားရောက်ဂါရဝပြု

တိုကျို ဇွန် ၃

ဂျပန်နိုင်ငံ နာဂါဆာကီစီရင်စုရှိ အမ်ဇန်မီးတောင် ပေါက်ကွဲခြင်း (၃၄) နှစ်မြောက် အထိမ်းအမှတ်အဖြစ် အခင်းဖြစ်ပွားရာဒေသသို့ သေဆုံးခဲ့သူများ၏ မိသားစုများသွားရောက် ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

၎င်းမီးတောင်သည် ၁၉၉၁ ခုနှစ် ဇွန် ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယင်းအချိန်က မီးတောင်သို့ သွားရောက်လေ့လာခဲ့သည့် သတင်းထောက်များနှင့် မီးတောင်ဆိုင်ရာ ကျွမ်းကျင်သူများအပါအဝင် ၎င်းတို့ငှားရမ်းခဲ့သည့် အငှားကားမောင်းသူများ သေဆုံးခဲ့သည်။ အခင်းဖြစ်အချိန်ဖြစ်သည့် မွန်းလွဲ ၄ နာရီ ၈ မိနစ်တွင် ယခုလာရောက်သည့် ကွယ်လွန်သူများ၏ မိသားစုဝင်များက ဆုတောင်းခဲ့ကြသည်။

၎င်းမတော်တဆမှုတွင် ကွယ်လွန်ခဲ့သည့် နီပွန်တီဗွီတွင် တာဝန်ထမ်းဆောင်သည့် မိမိ၏ ညီဖြစ်သူသည် နောက်ဆုံးထွက်သက်အထိ တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း လာရောက်ဂါရဝပြုသူ ကိုမူယာတက်ဆုယ က ပြောကြားသည်။ သတင်းထောက်တစ်ဦး၏ ကြိုးပမ်းဆောင်ရွက်မှုသည် ၎င်းသေဆုံးခဲ့ပါက အချည်းနှီးဖြစ်နိုင်သဖြင့် သတင်းထောက်များ၏ အသက်ကို တန်ဖိုးထားရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ




# အီရန်နျူကလီးယားထုတ်လုပ်ရေးအစီအစဉ်နှင့် အရေးယူပိတ်ဆို့မှုများဖယ်ရှားရေးအတွက် အီရန်နှင့် ဂျာမနီတို့အကြား အမြင်ချင်းဖလှယ်ဆွေးနွေး






တီဟီရန် ဇွန် ၃

အီရန်နျူကလီးယား ထုတ်လုပ်ရေးအစီအစဉ်နှင့် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရေးအတွက် ဆွေးနွေးပွဲများ ထပ်မံကျင်းပနိုင်ရန်အတွက် အီရန်နှင့် ဂျာမနီတို့အကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်နှင့် အပြန်အလှန် အကျိုးစီးပွားဖော်ဆောင်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ် အေရာချီနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျိုနသန်ဝါဒီဖောင်တို့အကြား ယမန်နေ့က ဆွေးနွေးခဲ့သည်။ အီရန် နျူကလီးယားထုတ်လုပ်ရေး အစီအစဉ်နှင့် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥရောပနိုင်ငံများအနေဖြင့် အပြုသဘောဆောင်သည့် ရပ်တည်ချက်ဖြင့်ဝိုင်းဝန်းကြိုးပမ်းရန် လိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

၎င်းကိစ္စရပ်များ အောင်မြင်စေရေးအတွက် အီရန်အနေဖြင့် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့အပါအဝင် ဥရောပနိုင်ငံများနှင့် ဆွေးနွေးရန်အသင့်ရှိကြောင်း ၎င်းကပြောကြားသည်။ ဂျာမနီနိုင်ငံအနေဖြင့်လည်း အီရန်နှင့်ဆွေးနွေးပွဲများကျင်းပကာ ယုံကြည်မှုမြှင့်တင်တည်ဆောက်လိုသည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အီရန်အနေဖြင့် နျူကလီးယားထုတ်လုပ်ရေးအစီအစဉ်နှင့် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရေးအတွက် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့နှင့် ယခင်က ဆွေးနွေးပွဲအများအပြား ကျင်းပခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ် ၁၆ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၅ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦးအောက်လမ်းရှိဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် မြစ်ကျိုးလမ်းဆုံအနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီးနှင့် စက်မှုဇုန်ထုတ် Yadanar Oo MPV Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၁၄၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြွေဘုရားအနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း ဝင်းထက်ဆီဆိုင်အနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၀၀၆၁၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၂၀၉၁၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီး၊ လိုင်စင်မဲ့ ဆိုင်ကယ်ကိုးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး EMS (အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းစု) ၌ ကိုရီးယားနိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်ကိုးထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်း၊ အကောက်ခွန်စစ်ဆေးရေးဌာန၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ၍ လာရောက်ထုတ်ယူခြင်းမရှိသည့် ချောထုပ်များအတွင်းမှ ကြီးကြပ်ကန့်သတ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၃၀ ရက်နှင့် ဇွန် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၁၂၇၁၅၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၂၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၄၅ အဏ္ဏဝါအမှိုက်သရိုက်နှင့် ပလတ်စတစ်ညစ်ညမ်းမှု
- ၁၁:၁၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "လေနှင်ရာခရီး" (အပိုင်း-၃၉)
- ၁၃:၁၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "လှူစွမ်းကောင်းများဧခတ်" (အပိုင်း-၃၀)
- ၁၄:၄၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးစကားဝိုင်း (အပိုင်း-၂)
- ၁၇:၁၅ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန် တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တော်ဝင်စားဖွဲ့" (အပိုင်း-၁၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန် တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ (၃၀)ဖြာမင်္ဂလာ "ဉာတကာနှင့်သင်္ဂဟော" (ဆွေမျိုးမောင်နှမတို့ကို စောင့်ရှောက်ခြင်း)
- ၂၁:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "လှူစွမ်းကောင်းများဧခတ်" (အပိုင်း-၃၂)

### mitv

- 07:02 Evergreen Classic: Mingalar Su Taung
- 07:08 The Art of Sand Painting
- 07:18 Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
- 08:26 Beasts of Asia (Laos)
- 08:46 Weaving Craft for a living
- 09:01 Let's go to Natural Paradise
- 09:32 Discovering Tribes "Rvwang" Their Life and Customs
- 10:40 The Eel Business
- 11:02 Myanmar Puppeteers (Duet Dance)

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ချင်း)
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောက်ပသောနေ့ရက်များဆီသို့" (အပိုင်း-၂၀)
- ၀၇:၅၀ စတီရီယိုတေးများ
- ၀၈:၃၀ ဇာတ်တော်ကြီး "ဘူရိဒတ်ဇာတ်တော်ကြီး" (ပထမပိုင်း)
- ၀၉:၅၅ ကာတွန်း "ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း" (အပိုင်း-၁၄)
- ၁၀:၂၀ စတီရီယိုတေးများ
- ၁၀:၄၀ ဇာတ်တော်ကြီး "ဘူရိဒတ်ဇာတ်တော်ကြီး" (ဒုတိယပိုင်း)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဆေးဖက်ဝင်တဲ့ဟင်းကောင်းတစ်ခွက်

**ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မာလကာသီးမှပေးသောသင်ခန်းစာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၄)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းအင်တာဗျူး

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းရိုးရာ အမဲအူပြောင်းဖူးပြုတ်ချက်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကိုင်းဟင်းချိုနှင့်ငါးပိထောင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး (ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ကောန့်ဗျိုင်နှင့်ရွှေဗရုံသီးချက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဖူးပွင့်စုံညီပန်းလှရာသီ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "ရုရှားနိုင်ငံ"
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ကိုယ်နှင့်အဆိုင်သော်လည်း"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "စစ်မှုထမ်းဥပဒေ မကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း"
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ကိုရီးယားနိုင်ငံ" (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၈)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ June Tour of Our South Garden
- ၂၀:၀၀ ညို့ (ဇာတ်လမ်း)
- ၂၂:၀၀ Depature (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) MHDT Vs FFU MINMAHAW
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသားနှစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသားနှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ မီတာယူနစ်များမှန်ကန်စေရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက မြို့နယ်အတွင်းရှိပြည်သူများ လျှပ်စစ်မီးသုံးစွဲရာ၌ မီတာယူနစ်များ မှန်ကန်မှုရှိစေရန်နှင့် မီတာပိုဖတ်/လိုဖတ်ခြင်းများ မဖြစ်ပေါ်စေရန်အတွက် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် အစုအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက အုပ်စုများခွဲ၍ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ပြည်သူများ၏ နေအိမ်များ၌ တပ်ဆင် အသုံးပြုလျက်ရှိသော လျှပ်စစ်မီတာများအား လျှပ်စစ်မီးသုံးစွဲရာ၌ မီတာယူနစ်မှန်ကန်မှုရှိစေရန်နှင့် မီတာပိုဖတ်/ လိုဖတ်ခြင်းများ မဖြစ်စေရန် တစ်အိမ်တက်ဆင်း မီတာယူနစ်များကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်မီးရယူသုံးစွဲရာတွင် မီတာယူနစ်ပျောက်ဆုံးမှုများ မဖြစ်စေရေး၊ မီတာသုံးစွဲယူနစ်များ မှန်ကန်စေရေး၊ မီတာယူနစ်များ လာရောက်ဖတ်ရာ၌ ပိုဖတ်/လိုဖတ်ခြင်းများ မဖြစ်စေရေး၊ မီတာယူနစ် အခွန်အခများ အပြည့်အဝ ကောက်ခံရရှိစေရေးအတွက် ယခုကဲ့သို့ မီတာယူနစ်များ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို အရှိန်အဟုန်မပျက် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲခွင့်ရရှိစေရန် အတွက် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## သရက်မြို့၌ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိနှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိနှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်ဥပဒေရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်/မြို့နယ် ဥပဒေအရာရှိနှင့် ခရိုင်/မြို့နယ်ရုံး ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က သရက်ခရိုင်/မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ ဥပဒေအရာရှိများ၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲအမှုလိုက် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာချွေတာရန်၊ ဥပဒေအရာရှိ ကျင့်ဝတ်လိုက်နာရန်၊ အရာထမ်းအမှုထမ်းအားလုံး မိသားစုကဲ့သို့ စည်းလုံးစွာနေထိုင်ရန် ဥပဒေအရာရှိများသည် ရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲကော်မရှင်တာဝန် ထမ်းဆောင်ရာတွင်ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်နှင့် ဥပဒေအရာရှိများ၊ ဝန်ထမ်းများက တင်ပြခြင်းအပေါ် မကွေးတိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေရုံးများလိုအပ်သည့် ရုံးသုံးပစ္စည်းများကို ခွဲဝေပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**လိုက်လံချိတ်ဆွဲ**

ထိုသို့ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ပူးပေါင်းပြီး လှိုင်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လိုက်လံချိတ်ဆွဲခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ချောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ အမြွှာမွေးမိခင်ထောက်ပံ့ခြင်းနှင့် ဆေးရုံအခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**ချောက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ အမြွှာမွေးမိခင် ထောက်ပံ့ခြင်းနှင့် ဆေးရုံအခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက် ၁၁ နာရီက ယင်းဆေးရုံ၌ ပြုလုပ်သည်။

ဦးစွာ ချောက်မြို့ပြည်သူ့ဆေးရုံ၌ အမှတ်(၁၃) ရပ်ကွက်နေ (အဘ) ဦးဝင်းလွင်ဦး(အမိ) ဒေါ်သီတာအေးတို့၏ အမြွှာသားနှစ်ဦးအား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာမျိုးသက်ဦးတို့က အာဟာရဖြည့်စွက်စာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးရုံအခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်သူများအား ထိုးနှံပေးခဲ့ရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ထားဝယ်မြို့ ဇေယျဝတီဘုန်းတော်ကြီးကျောင်း၏ တိုက်အုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသူရိယ၏ ဈာပနအခမ်းအနားကျင်းပ



ထားဝယ် ဇွန် ၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီဘုန်းတော်ကြီးကျောင်း၌ တိုက်အုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ (ဂဏဝိမုတ် ကူးတို့ဂိုဏ်း၊ ဒုတိယဂိုဏ်းချုပ်) အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသူရိယ၊ သက်တော် ၉၆ နှစ် ဝါတော် (၇၆) ဝါ၏ ဈာပနအခမ်းအနားကို ဇွန် ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ကူးတို့ဂိုဏ်း) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒါယကာ ဒါယိကာမများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်သည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များ အမှူးပြုသော တက်ရောက်လာကြသူများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်းခြုံပူဇော်ခြင်း၊ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူအပ်သော မေတ္တာသုတ်ပရိတ်တော်မြတ်ကို နာယူကြည်ညိုခြင်း၊ ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ၏ ထေရုပ္ပတ္တိအကျဉ်းကို ဘဒ္ဒန္တညာဏိဿရက ဖတ်ကြားပူဇော်ခြင်းနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးပို့သော သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်သဝဏ်လွှာကို ဖတ်ကြားပူဇော်ခြင်းတို့ပြုလုပ်သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီခန့်တွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ခဲ့ကြပြီး အန္တိမအဂ္ဂိဈာပနသာဓုကီဠနအခမ်းအနားကျင်းပရာ ကွင်းအတွင်းသို့ လက်ဆင့်ကမ်းပင့်ဆောင်ကြပြီး ရုပ်ကလာပ်အား မီးပူဇော်သည်။

ဆက်လက်၍ ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ဆရာတော်ကြီး၏ အရိုးပြာအိုးအား ယာဉ်ပေါ်သို့ပင့်ဆောင်ပြီး ဆရာတော်၊ သံဃာတော်များဦးဆောင်၍ မော်တော်ယာဉ်များဖြင့် ညောင်ရမ်းတောင်ရပ် ဘုန်းကြီးပျံကုန်းမှတစ်ဆင့် ရင်ပြင်ပတ်လမ်းအတိုင်း မီးသတ်လမ်းဆုံ-ဥတ္တမံတားကြီးလမ်းဆုံ၊ မြို့တွင်းလမ်းအတိုင်း၊ အာဇာနည်လမ်းအတိုင်း၊ ကမ်းနားလမ်းအတိုင်း ဒေါင်းငူ/တံငါရပ်ကွက်၊ ဆိပ်ကမ်းသာဇောတံတားအထိ လှည့်လည်အပူဇော်ခံသည်။

ဆက်လက်၍ ဆရာတော်ကြီး၏အရိုးပြာအိုးအား ဆရာတော်၊ သံဃာတော်များဦးဆောင်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိပ်ကမ်းသာဇောတံတားမှ သမ္ဗန်လှေငယ်ဖြင့် ထားဝယ်မြစ်လယ်အတွင်းအထိ အပူဇော်ခံပြီး ထားဝယ်မြစ်ထဲသို့ရေမျှောကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး၌ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေး စစ်ဆေးကုသပေး

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်ခရိုင်၊ အလုံခရိုင်၊ တိုက်ကြီးခရိုင်၊ သဃ်န်းကျွန်းခရိုင်နှင့် ဗိုလ်တထောင်ခရိုင်တို့အတွင်းရှိ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ အံကပ်ပြုလုပ်ခြင်းများကို ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်အတွင်း ရှုခင်းသာလမ်းမပေါ်ရှိ သွားနှင့်ခံတွင်းအထူးကုဆေးရုံတွင် သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးကုသပေးသည်။

ထိုသို့ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးကုသမှုပြုလုပ်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာယဉ်ငြိမ်းထွဋ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးမာဦး၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ သာကေတမြို့နယ် အထူးကုဆေးရုံအုပ်ကြီး သွားနှင့်ခံတွင်းပါမောက္ခ ဒေါက်တာမိုးသီတာထွေး၊ ဗိုလ်တထောင်ခရိုင်၊ သဃ်န်းကျွန်းခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ အလုံခရိုင်၊ တိုက်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးခြင်း၊ အံကပ်ပြုလုပ်ခြင်း ဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှုခဲ့ပြီး လာရောက်ကုသသူများအား မုန့်နှင့်ရေသန့်များဝေငှခဲ့ကာ လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်။

ငါးခရိုင်အတွင်းမှ အံကပ်ပြုလုပ်ရန်စာရင်းပေးထားသည့် ၃၂ ဦးအနက် ၂၅ ဦး လာရောက်ကုသရာ ဒဂုံမြို့သစ်ခရိုင်မှ ရှစ်ဦး၊ အလုံခရိုင်မှ နှစ်ဦး၊ တိုက်ကြီးခရိုင်မှ နှစ်ဦး၊ သဃ်န်းကျွန်းခရိုင်မှ ခြောက်ဦး၊ ဗိုလ်တထောင်ခရိုင်မှ ခုနစ်ဦးဖြစ်ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ပျဉ်းမနား ဇွန် ၃

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာရှိ ပဲတီစိမ်းနှင့်နှမ်း စိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်ကသွင်းအားစုများထောက်ပံ့ပေးသည်နှင့်အညီ စနစ်တကျစိုက်ပျိုးစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ အထွက်နှုန်းတိုးစေရေး၊ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်စေရေး၊ အောင်မြင်အောင် စိုက်ပျိုးစေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲစေရေး မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဝဲကြီးစံပြရွာ၌ စာကြည့်တိုက် ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် အဝေရာတံတား ချဉ်းကပ်လမ်းပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌စာအုပ်စာစောင်နှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲကျင်းပ

ခရမ်း ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက ထပ်ဆင့်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက လှူဒါန်းသော စာအုပ်/စာစောင်များ၊ စာအုပ်တင်သံစင်နှင့် ပလတ်စတစ်ထိုင်ခုံ ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးမြင့်ဆွေက မှာတမ်းစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီက စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်တင်သံစင်တစ်စင်၊ ပလတ်စတစ်ထိုင်ခုံ ရှစ်လုံးနှင့် စာအုပ် ၄၁ အုပ်နှုန်းဖြင့် လှူဒါန်းမှုကို ထပ်ဆင့်ပေးအပ် လှူဒါန်းခဲ့ရာ ရွှေဘိုစုကျေးရွာ သုခမိန်စာကြည့်တိုက်နှင့် ညောင်ကုန်းကျေးရွာ သုတဝေဝေသီစာကြည့်တိုက်တို့မှ စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**❂ အာရှဖလားမှ**

စတင်ကစားကာ ဒုတိယအကျော့မှသာ အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲတွင် အုပ်စု(E)၌ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပါကစ္စတန်အသင်းမှာမူ ဆီးရီးယားအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပါကစ္စတန်အသင်းနှင့်ပွဲအတွက် မေ ၂၃ ရက်မှစ၍ ပဏာမကစားသမား ၃၁ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေသည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - သော်ကြီး**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား အာဟာရများထောက်ပံ့

မြစ်ကြီးနား ဇွန် ၃

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ မေ ၂ ရက် ညနေ ၃ နာရီခွဲက မြစ်ရေမြင့်တက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ မြေနိမ့် ရပ်ကွက်များဖြစ်သည့် လယ်ကုန်း၊ ကြက်ပေါင်ခြံ၊ ရမ်ပူရပ်ကွက်တို့မှ ပြည်သူများအား အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း (ဇီးလွန်)၌ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၏ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး အားပေးစကားပြောကြား သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် မြို့သစ်ကြီးရပ်ကွက်အတွင်း ပြည်ထောင်စု လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းဆုံတွင် ရေဘေး ရှာဖွေကယ်ဆယ်ရေးစုရပ်အဖြစ် ဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်



အရပ်ဘက် လူမှုကူညီရေးအသင်းအဖွဲ့များအား သွားရောက်တွေ့ဆုံအားပေးပြီး ကယ်ဆယ်ရေး အဖွဲ့များအား လက်ဘက်ရည်နှင့် ထမင်းဘူးများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် မြေမြင့်ရပ်ကွက် မြေမြင့်ဘုန်းတော်ကြီး ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့် ပြည်သူများအား ညနေစာထမင်းထုပ်များ ဖြန့်ဝေ ပေးပြီး အားပေးစကား ပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ပိုင် မြေနေရာ ၁၂ ဒသမ ၁၃ ဧကအား ဝိုင်းမော် မြို့နယ် နောင်ဟီးကျေးရွာနှင့် အခြားကျေးရွာများမှ ယာယီတိမ်းရှောင်ပြည်သူများအား ခေတ္တနေရာ ချထားပေးနိုင်ရေးအတွက် အဆိုပါကျေးရွာများမှ ရပ်မိ/ရပ်ဖများ၊ ဘာသာရေးဆရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများ နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါမြစ်ရေသည် မြစ်ကြီးနားမြို့၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းတာချက်အရ ၉၇၇ စင်တီ မီတာအထိ ကျဆင်းသွားပြီဖြစ်သည့်အတွက် မြစ်ကြီးနားမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ အချို့အိမ်ထောင်စုများ ပြန်လည်ရွှေ့ပြောင်း နေထိုင်ကြပြီဖြစ်သော်လည်း မြေနိမ့်ရပ်ကွက်များရှိ အိမ်ထောင်စုများအနေဖြင့် ပြန်လည်ရွှေ့ပြောင်းနိုင်မှု မရှိသေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး



ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် ဆေးရုံအစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ တွင် လှည်းကူးမြို့နယ် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဆရာ ဝန်ကြီး ဒေါက်တာသောင်းဒန်ဦးက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ကြိုတင်ကာကွယ်ရမည့် အချက်များကို ပြောကြားကာ မြောက်ပိုင်းခရိုင်မှူး ဒေါက်တာခင်စန္ဒာအောင်က သွေးလွန် တုပ်ကွေးရောဂါလက္ခဏာနှင့် ပတ်သက် သည့် အကြောင်းအရာအများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ အေစီမီလန်အသင်းမှ**

အေစီမီလန်အသင်းရဲ့ ပထမဆုံး စီးရီးအေဖလားကို လည်း ရယူဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အယ်လ်လီဂရီဟာ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်း ဂျူဗင်တပ်အသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီး ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီ စီးရီးအေဖလားငါးနှစ်ဆက်တိုက် ဆွတ်ခူးပေးနိုင်ခဲ့ တာဖြစ်ပါတယ်။ နည်းပြအယ်လ်လီဂရီဟာ ဆာဆူ အိုလိုအသင်းနဲ့ ကာဂလီယာရီအသင်းတို့ကိုလည်း တာဝန်ယူ ကိုင်တွယ်ခဲ့ဖူးတာဖြစ်ပါတယ်။ **ငွေကြယ်**

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွား မှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှို များစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း　မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း　မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း



ထီးရွက်အောက်ပါးဟက်များဖြူခြင်း　မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း　အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ -** မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ် အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ် ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်း ခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာ များတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်း များအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်း ထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်း ထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင် မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက် များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာန များနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

# လူငယ်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု

ကျောင်းသားလူငယ်များအတွက် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking) လိုအပ်သည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှုဟူသည် ရှင်းရှင်းလင်းလင်းနှင့် ဆင်ခြင်တုံတရားဖြင့် တွေးခေါ်နိုင်စွမ်းဖြစ်သည်။ ပြဿနာများကို ကောင်းစွာနားလည်ပြီး ထိထိရောက်ရောက် ဖြေရှင်းနိုင်စွမ်းပင်ဖြစ်သည်။ ဆယ်ကျော်သက်လူငယ်များကို လေ့လာကြည့်လျှင် ၎င်းတို့တွင် ခိုင်မာသောတွေးခေါ်မှုထက်ကျော်လွန်ပြီး တွေးခေါ်နိုင်စွမ်းရှိလာကြသည်။ ဆယ်ကျော်သက်လူငယ်များ၏ တွေးခေါ်ပုံသည် ရှုထောင့်မျိုးစုံကို ထည့်သွင်းစဉ်းစားနိုင်ခြင်း၊ ယူဆနိုင်သောအခြေအနေများကို စိတ်ကူးယဉ်ခြင်း၊ အယူအဆများနှင့် ထင်မြင်ချက်များကို ဆွေးနွေးငြင်းခုံခြင်းနှင့် စိတ်ကူးသစ်များဖန်တီးခြင်းတွင် သိသာထင်ရှားသည်။

ဝေဖန်ပိုင်းခြားနိုင်သော (Critical) ဟူသည့် ဝေါဟာရသည် ဂရိစကားလုံး kritikos မှ ဆင်းသက်လာပြီး စီရင်ဆုံးဖြတ်နိုင်သည် သို့မဟုတ် ပိုင်းခြားနိုင်သည်ဟု အဓိပ္ပာယ်ရသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှုသည် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်သည်။ သက်သေအထောက်အထားများကို အကဲဖြတ်နိုင်သည်။ ကွဲပြားသောအမြင်များနှင့် ဖြစ်နိုင်ခြေရှိသော အမြင်များကို ထည့်သွင်းစဉ်းစားသည်။ ဝေဖန်ပိုင်းခြားမှု၏ အဓိကအချက်များတွင် မေးခွန်းထုတ်ခြင်းနှင့် အရင်းခံယူဆချက်များကို ရှာဖွေခြင်းတို့ ပါဝင်သည်။ ထို့ပြင် ကျိုးကြောင်းဆီလျော်သော သုံးသပ်မှုလည်းပါဝင်သည်။ ဤတွင် အထောက်

> **လူငယ်များအား ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည် တိုးတက်လာစေရန် ကျောင်းသင်ပညာရေးတွင် မြှင့်တင်ပေးရန်လိုအပ်သည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၏ အကျိုးကျေးဇူးများကို လေ့လာကြည့်လျှင် ဆုံးဖြတ်ချက်ချခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် အချက်အလက်ကို ပိုင်းခြားစိတ်ဖြာခြင်းစွမ်းရည်များ တိုးတက်လာနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် အသိဉာဏ်ရှိသော ဆုံးဖြတ်ချက်များကို ချတတ်လာမည်**

အထားများကို အခြေခံ၍ ကောက်ချက်ချသည်။ ရှင်းလင်းပြီး တစ်သမတ်တည်းရှိသော ယုတ္တိဗေဒကို အသုံးပြုသည်။

စင်စစ် ဝေဖန်ပိုင်းခြားတွေးခေါ်မှုသည် တွေးခေါ်မှုဖြစ်စဉ်တစ်ခု၏ ရလဒ်ဖြစ်သည်ကို သိရှိထားလျှင် ကျောင်းသားလူငယ်များသည် မိမိကိုယ်ကို အခိုင်အမာ ယုံကြည်မှုရှိလာမည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် အမှားများမှ လေ့လာနိုင်စွမ်းရှိလာပြီး မိမိတို့၏ ကိုယ်ရေးကိုယ်တာနှင့် အသက်မွေးဝမ်းကျောင်းဘဝများတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုစွမ်းရည် မြင့်တက်လာမည်ဖြစ်သည်။ John Dewey ဆိုသူက ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Reasoning) ဟူသော အသုံးအနှုန်းကို သိပ္ပံပညာရပ်ဆိုင်ရာ စိတ်သဘောထားဖြင့် ဖော်ထုတ်ခဲ့သည့် ပညာရေးပန်းတိုင်တစ်ခု၏ အမည်အဖြစ် ဖော်ထုတ်ခဲ့သည်။ အများအားဖြင့် ယင်းပန်းတိုင်ကို ရောင်ပြန်ဟပ်သော တွေးခေါ်မှုဟုလည်း ခေါ်ဆိုကြသည်။

ပညာရေးကဏ္ဍတွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို သင်ကြားပေးခြင်းသည် ကျောင်းသားလူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ လုပ်ဆောင်ချက်များကို အားပေးခြင်းဖြစ်သည်။ ဥပမာ ငြင်းခုံဆွေးနွေးစရာအကြောင်းအရာများကို အထောက်အထားများဖြင့် ဖော်ထုတ်သုံးသပ်နိုင်ရန် ( Critical Reasoning) သည် မရှိမဖြစ်လိုအပ်သည်။ ဤတွင် ကျိုးကြောင်းဆီလျော်သော ကောက်ချက်ဆွဲကာ ပြဿနာများဖြေရှင်းရန် အချက်အလက်များကို အသုံးပြုရသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှုတွင် ငြင်းခုံမှုများ (Arguments) ကို ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် တည်ဆောက်ခြင်းတို့ပါဝင်သည်။

လူငယ်များအား ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည်တိုးတက်လာစေရန် ကျောင်းသင်ပညာရေးတွင် မြှင့်တင်ပေးရန်လိုအပ်သည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၏ အကျိုးကျေးဇူးများကို လေ့လာကြည့်လျှင် ဆုံးဖြတ်ချက်ချခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် အချက်အလက်ကို ပိုင်းခြားစိတ်ဖြာခြင်းစွမ်းရည်များ တိုးတက်လာနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် အသိဉာဏ်ရှိသော ဆုံးဖြတ်ချက်များကို ချတတ်လာမည်ဖြစ်သည်။ အခြားသူများ၏အမြင်များကို နားလည်လာမည်ဖြစ်သည်။ အလုံးစုံသိမြင်နိုင်စွမ်းများ တိုးတက်လာစေရန် ကူညီပေးမည်ဖြစ်သည်။

ဝေဖန်ပိုင်းခြားတွေးခေါ်မှု အမျိုးအစားများကို လေ့လာကြည့်လျှင် သိပ္ပံနည်းကျတွေးခေါ်မှု၊ သင်္ချာတွေးခေါ်မှု၊ သမိုင်းတွေးခေါ်မှု၊ မနုဿဗေဒတွေးခေါ်မှု၊ စီးပွားရေးတွေးခေါ်မှု၊ ကိုယ်ကျင့်တရားဆိုင်ရာ တွေးခေါ်မှုနှင့် ဒဿနတွေးခေါ်မှုဟူ၍ တွေ့ရသည်။ ပညာရေးနယ်ပယ်တွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ၎င်းသည် ကျောင်းသားလူငယ်များအား ခွဲခြမ်းစိတ်ဖြာပြီး ဆင်ခြင်တုံတရားဖြင့် တွေးတောရန် ကူညီပေးသည်။ ထို့ပြင် ကျောင်းသားလူငယ်များအား ဘဝခရီးလျှောက်လှမ်းရာတွင် ဆုံးဖြတ်ချက်များချတတ်ရန်နှင့် ပြဿနာများဖြေရှင်းတတ်ရန် အထောက်အကူပြုသည်။ စာသင်ခန်းရှိ ဝေဖန်ပိုင်းခြားသောတွေးခေါ်မှုသည် မတူညီသောအတိုင်းအတာဖြင့် တွေးတောတတ်ရန် ကူညီပေးသည်။ ထို့ကြောင့် စာသင်ခန်းများတွင် ဝေဖန်ပိုင်းခြားသော တွေးခေါ်မှုအတွက် ပညာရေးကဏ္ဍမှ ပညာရှင်များအနေဖြင့် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပေးရေးသည် လွန်စွာအရေးကြီးသည်။ သင်ကြားရေးအပိုင်းတွင် ဆရာ ဆရာမများ၏စွမ်းရည် မြှင့်တင်ပေးရန်လည်း လိုအပ်သည်။ ဥပမာအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏ အုပ်စုပရောဂျက်ကို ချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သူတို့၏ သိပ္ပံသင်ခန်းစာတွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အသုံးချနိုင်သည်။ ဤတွင် မိမိတာဝန်အလိုက် ခွဲဝေဆောင်ရွက်ရေး ဆုံးဖြတ်ချက်ချနိုင်သည်။ ပြဿနာဖြေရှင်းရေး နည်းလမ်းများကို ငြင်းခုံဆွေးနွေးပြီး အဖြေထုတ်နိုင်သည်။

စင်စစ်ပညာရေးကဏ္ဍဘက်တွင် ဝေဖန်ပိုင်းခြားနိုင်သော စဉ်းစားတွေးခေါ်မှုက မြှင့်တင်ပေးနိုင်သည်။ မေးခွန်းများမေးမြန်းခြင်း၊ စာအုပ်ဖတ်ခြင်း၊ ပတ်ဝန်းကျင်ကို သတိပြုမိစေခြင်း၊ စိတ်အာရုံစူးစိုက်ခြင်း၊ တက်ကြွစွာနားထောင်ခြင်းနှင့် မတူညီသော အမြင်များကို နားလည်ခြင်းတို့သည် ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ပေးသော နည်းလမ်းများဖြစ်ကြသည်။ စာသင်ခန်းတွင် ဆရာ ဆရာမများသည်ကျောင်းသားများအား ကားရပ်နားရန်နေရာ ချဉ်းကပ်မှုကဲ့သို့သော ချဉ်းကပ်နည်းအမျိုးမျိုးကို အသုံးပြု၍ ၎င်းတို့၏ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ပေးရန် ကူညီပေးနိုင်သည်။ ဆရာများကလည်း ကျောင်းသားများအား ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ကျောင်းသားများကို ပိုမိုပါဝင်စေခြင်းဖြင့် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည်ကို အသုံးပြုရာတွင်လည်း ကျောင်းသားများကို ကူညီပေးနိုင်သည်။

ပညာရေးနယ်ပယ်တွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို သင်ကြားရာတွင် နည်းလမ်းများစွာရှိသည်။ လူကြိုက်များသော နည်းလမ်းအချို့တွင် အပြန်အလှန်ပြောဆိုခြင်း၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့် လက်တွေ့ဘဝပြဿနာများကို စုပေါင်းဖြေရှင်းခြင်းတို့ ပါဝင်သည်။ ဆရာများက ကျောင်းသားများအား သူတို့၏အတွေးအမြင်များကို မျှဝေကြသည်။ ကျောင်းသားများ၏ အမြင်များကိုလည်း ထည့်သွင်းစဉ်းစားကြသည်။ အခြားသူများ၏စကားကို နားထောင်မှုစွမ်းရည် မြင့်တက်လာပြီး တုံ့ပြန်မှုရှိရန်ကူညီပေးသည်။ ဤသို့ဖြင့် ကျောင်းသားများ၏ အသိဉာဏ်မြင့်တက်လာစေရန် အထောက်အကူပြုသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို သင်ကြားပေးခြင်းဖြင့် ကျောင်းသားများအား "မည်သို့ပြုလုပ်ရမည်" ဟူသော သဘောထားအဖြစ် တည်ဆောက်နိုင်ရန် လှုံ့ဆော်ပေးသည်။

ကျောင်းသားလူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ်မှုသင်ကြားပေးခြင်းဖြင့် ဆင်ခြင်တုံတရားဖြင့် တွေးတောနိုင်ရန် ကူညီပေးမည်ဖြစ်သည်။ ဆုံးဖြတ်ချက်များချတတ်ရန် တွန်းအားပေးသည်။ ယင်းတွေးခေါ်မှုစွမ်းရည်ကို အသုံးချခြင်းဖြင့် ကျောင်းသားလူငယ်များသည် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိလာမည်ဖြစ်သည်။ လူငယ်အချင်းချင်း အပြန်အလှန်တုံ့ပြန်မှုနှင့် သက်တူရွယ်တူချင်း ရှုထောင့်အမြင်ကို တန်ဖိုးထားတတ်လာမည်။ ပြဿနာများကို စနစ်တကျ ချဉ်းကပ်တတ်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့ခေတ် ပညာရေးစနစ်တွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၏ အရေးပါမှုကို သိရှိ လာသဖြင့် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းစဉ်းစားခဲ့ကြရာ မူလတန်းအဆင့်မှ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်အထိ ပါဝင်ခဲ့ရာ လူငယ်တို့၏ တွေးခေါ်မှုစွမ်းရည်များသည် ၎င်းတို့၏ဘဝခရီးလမ်းတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**

ကမ္ဘာလှည့်ခရီးသည်တစ်ယောက်ဟာ အင်ဒီးယန်းလူနီတစ်ယောက် သူ့နားကို မြေပေါ်ကပ်ပြီး လဲနေတာတွေ့လိုက်ရတယ်။ သူ့ဆီကို လျှောက်သွားလိုက်တော့ အင်ဒီးယန်းရဲ့ တိုးတိုးပြောနေသံကို သူက ကြားလိုက်ရတယ်။ "ပြိုင်ကားအနီ လူတစ်ယောက် မောင်းနေတယ်။ သူ့နံဘေးမှာ လက်ဆွဲအိတ်"

ကမ္ဘာလှည့် ခရီးသည်ဟာ အံ့သြသွားတယ်။ "အလို… မင်းရဲ့နားရွက်ကို မြေကြီးနဲ့ကပ်ထားပြီး နားထောင်ရုံနဲ့ အဲဒါတွေကို ပြောနိုင်တယ်ဆိုတာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး အဲဒီကားက ကျွန်တော့်ကို လဲကျအောင် တိုက်သွားတာကိုး"



လူတစ်ယောက်က ဓာတ်လှေကားထဲ လှမ်းဝင်လိုက်ပြီး ဓာတ်လှေကားမောင်းတဲ့သူကို ပြောလိုက်တယ်။

"ငါ့ကို ခြောက်ထပ် ပို့ပေးပါ"

"ကျွန်တော်တို့မှာ ခြောက်ထပ်မရှိဘူး။ ဒီအဆောက်အအုံက ငါးထပ်ပဲ မြင့်တယ်" မောင်းသူက ဖြေလိုက်တယ်။

"အဲသလိုဆိုရင်လည်း ငါ့ကို သုံးထပ်နှစ်ခါ ပို့ပေးပေါ့ကွာ"



# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 22(T)/DPTSC(PTP)/2025-2026 | ၂၃၀ကေဗွီအောင်လံဓာတ်အားခွဲရုံ Switchyard Foundation နှင့် Electrical Installation လုပ်ငန်း ဆောင်ရွက်ရန်။ |
| ခ | 23(T)/DPTSC(PTP)/2025-2026 | ၆၆ကေဗွီ ကျိုက်လတ် - ဖျာပုံ - ဘိုကလေးဓာတ်အားလိုင်း (ကျိုက်လတ် - ဖျာပုံအပိုင်း) ဓာတ်အားလိုင်း ဖောင်ဒေးရှင်း + တိုင်ဆင်လုပ်ငန်း ဆောင်ရွက်ရန်။ |
| ဂ | 24(T)/DPTSC(PSD)/2025-2026 | ၂၃၀ကေဗွီဒဂုံအရှေ့ပင်မဓာတ်အား ခွဲရုံတွင်တပ်ဆင်အသုံးပြုထားသော GIS Switchgear များ အစားထိုးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်။ |
| ဃ | 25(T)/DPTSC(PSD)/2025-2026 | Communication Equipment and Accessories များအတွက် အသုံးပြုမည့် Optical Terminal Equipment(SDH) and Accessories များဝယ်ယူရန်။ |
| င | 26(T)/DPTSC(PSD)/2025-2026 | Optoelectronic Devices and Accessories များ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက်(၁၇-၆-၂၀၂၅) ရက်(၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်း ရမည်ဖြစ်ပါသည်။

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 27(T)/DPTSC(PSD)/2025-2026 | ၂၃၀ကေဗွီသပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းအားOPGWကြိုးဖြင့် ဓာတ်အားမပိတ်ဘဲ (Live Line) စနစ်ဖြင့် (၁၄၈.၆၂) ကီလိုမီတာ အစားထိုးလဲလှယ် တပ်ဆင်ခြင်း (Turnkey) လုပ်ငန်း ဆောင်ရွက်ရန်။ |

၃။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃-၇-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်း ရမည်ဖြစ်ပါသည်။

၄။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ရောင်းမည်

ကျန်စစ်သားရပ်ကွက်၊ နေရာကောင်း၊ ဒလ-တွံတေး လမ်းမကြီးအနီး (25'x50') (အကျိုးဆောင်လက်ခံ) ၂၄၀၀ သိန်း
**09-252055609, 09-694330104**

## ပတ်စ်ပို့ပျောက်

ဦးရာမာချန်ဒရန် [၁၂/ကမရ (နိုင်) ၀၄၈၇၀၈]၏ နိုင်ငံကူး လက်မှတ် (နံပါတ်မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၃၈၄၃၁**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးထွန်းအောင်၏သား မောင်ကောင်းပြည့်အောင် [၁၂/ ဒဂတ(နိုင်) ၁၀၀၁၂၄]၏ နိုင်ငံကူး လက်မှတ်အမှတ် (ME 128799) သည် ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၃၃၆၁၄၄၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၅-၂၀၂၅ ရက်နေ့ ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၃)ကန့်ကွက်နိုင်ကြောင်းကြော် ငြာအမှတ်စဉ်(၂)ဦးထွန်းအောင် ၏အမည်ပြောင်းတွင်မြေအမည် ပေါက်ဒေါ်ခင်စုအစားဦးထွန်းတင် ဟုအမှန်ဖတ်ရှုပါရန်။

ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09260664480
09260664490

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေကွက်အမှတ် (၁၂၄၁)၊ မြေကွက်တည်နေရာအမှတ်(၁၂၄၁)၊ သစ်ခွလမ်း၊ နှင်းဆီလမ်းထိပ်၊ (၁၀၅)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်ခင်ဆင့် [၁၂/ပဇတ(နိုင်) ၀၂၅၇၆၆]၊ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ခင်ဆင့် [၁၂/ပဇတ(နိုင်) ၀၂၅၇၆၆]မှ ပါမစ်မူရင်း(မူရင်းတုံးမပါ) မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အဆိုပါမြေချပါမစ်မူရင်းအား မိမိမှာဂရန်လျှောက်ထားခဲ့ ရာတွင် စာရွက်များစုံလင်စွာပါဝင်ခြင်း မရှိခဲ့ပါကြောင်း၊ အဆိုပါစာရွက်များသည် မစုံလင်သော်လည်း ပါမစ်မူရင်းမှာ မှန်ကန် ပါကြောင်းနှင့် မိမိမှ ဂရန်သစ်လျှောက်ထားမှုနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသောပြဿနာအဝဝကို တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၅၆၉/၂၀၂၂(၂၇-၁၂-၂၀၂၂)ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ(၁)စောင်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့တင်ပြ၍ ပါမစ်မစုံဖြင့် နှစ်(၆၀) မြေငှားဂရန်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် လျှောက်ထားသူထားရှိခြင်းမဟုတ်သော သွပ်မိုးကျောက်ပြားကာ အဆောက်အဦ (၂)လုံးရှိပြီး ဒေါ်ခင်ဆင့်မှ ကွင်းဆင်း သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပါမစ် မစုံဖြင့် နှစ်(၆၀) မြေငှားဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၁၀၁၇)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးအုန်းညွန့်၊ ဒေါ်မို့မို့ဝင်းတို့နှစ်ဦး ပူးတွဲအမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ယခုအခေါ် အမှတ်(၁၀၁၇)၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် (၂)ထပ် (RC) နေအိမ်(၂)လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက် ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူများဖြစ်ကြသော ဦးအောင်မွန် + ၄ [၁၂/ဗဟန(နိုင်)၀၄၀၀၇၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂-၆-၂၀၂၅)ရက်စွဲပါ "မြေနှင့် အိမ်(၂)လုံး အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေ အကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက် အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦးLL.B, D.B.L, B.D.S (MOFA)(Dip in English),** |
| **LL.B,W.I.P.O (Switzerland)** | **W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်- ၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်- ၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်- (၁၀၈/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- (၁)၊ မြေကွက်အမှတ် - (၁၀၈/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ **မောင်သိုက်** အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ **ဦးနေလွင်မျိုး** [၁၄/ပသန(နိုင်)၀၀၁၁၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ANWAL (ခ) မောင်ဇော်** [၁၂/ပဘတ (ပြု) ၀၀၀၃၆၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်- ၁၁၅၊ ပထမထပ်၊ (၃၃)လမ်း၊ (၁)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၈)ရပ်ကွက်၊ အမှတ်(၃၇၇)၊ ဦးငြိမ်းမောင် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ခင်ခင်စန်း[၁၂/မဂဒ(နိုင်)၀၅၈၃၄၀]မှ အရပ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ အဆိုပါအရပ်ကတိစာချုပ်အဆင့်ဆင့်တို့ သည် မှန်ကန်ပါကြောင်း၊ အမည်ပေါက်မှန်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးလင်းထိုက်[၇/ ကပက(နိုင်)၀၆၆၃၄၄]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလင်းထိုက်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းမွန် [၈/ရစက(နိုင်)၁၇၇၀၅၆]သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မဟော်သဓာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၀/ဏ)၊ မြေကွက်အမှတ်(၁၀၆၃/ခ)၊ ပေ(၂၀x၆၀) အကျယ်ရှိ ဒေါ်ခင်လေးညိုညို အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ရွှေဇင်အိခိုင် [၇/ညလပ(နိုင်) ၀၉၄၀၄၉]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် တရားဝင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၇-၆-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည် အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်ရန် အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းမွန်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဖြိုး (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၃၈၅၂ / ၂၈-၁၀-၂၀၂၀)**
**တိုက်(၉)၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅)၊ ရွှေလီ(၂)လမ်း၊ မြေကွက်အမှတ်-(၉၀၂/ခ)ဟုခေါ်တွင်သော ဒေါ်ညွန့်စိန်အမည်ပေါက်သည့် ပါမစ်မြေ အမျိုးအစား၊ မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းငွေ [၁၂/လမန(နိုင်) ၀၇၀၇၈၀]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော် လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- (၉)၊ မြေကွက်အမှတ်- ၁၂၁/ခ၊ မြေကွက်တည်နေရာအမှတ် (၁၂၁/ခ)၊ သူရ(၃)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်မြင့် (CA -၀၅၁၂၆၀) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက် ဦးတင်မြင့်အား တရားပြိုင် ထား၍ တရားလို ဒေါ်ခင်မိုးမိုးလှိုင်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၄၆/၂၀၂၄) စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၂/၂၀၂၅)အမိန့်တို့အရ တရားရှုံး ကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ တောင်ဥက္ကလာပ မြို့နယ်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၂၃၅)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်အုန်းကြည် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိသူဖြစ်သော ဒေါ်လင်းပပမော်မြင့် [၁၂/စခန(နိုင်) ၀၀၀၃၅၇]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လင်းဇံ [၁၁/စတန(နိုင်)၀၆၁၃၈၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာ ထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ဦးထွန်းထွန်းလှိုင်(ခ)အဗ်ဒွရ်ရဟီးမ်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၁)နေ ဦးစိန်ထွေး၏ သားဖြစ်သူ ကိုထွန်းလှိုင်ဦး(ခ) မုဟမ္မဒ်ရဟီးမ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရူပလမ်း၊ အမှတ်(၈/၆၈)နေ ဦးမြင့်သိန်း၏ သမီးဖြစ်သူ မဆွေဆွေမြင့်(ခ) ဇာကီ ရဟ်ဘီတို့သည် (၁-၅-၂၀၁၆)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ ကိုထွန်း လှိုင်ဦး (ခ) အဗ်ဒွရ်ရဟီးမ်က မဆွေဆွေမြင့်(ခ)ဇာကီရဟ်ဘီအား (၁-၆-၂၀၂၅) ရက်နေ့တွင် နှုတ်ဖြင့် ဖုန်းမှတစ်ဆင့် အသိသက်သေများရှေ့မှောက်၌ သဘော တူညီ၍ "သွလာကေဗာအင်န်"ပေးပြီး အပြီးအပြတ် ကွာရှင်းပြတ်စဲပြီးဖြစ်၍ ၎င်းတို့နှစ်ဦးသည် ဇနီးမောင်နှံအဖြစ်မှ လင်ခန်း-မယားခန်း အပြီးပြတ်ကွာရှင်း ပြတ်စဲသွားသည်ကို သက်ဆိုင်ရာ ဘာသာရေး အဖွဲ့အစည်းထံ လျှောက်ထားခဲ့ရာ ဓမ္မသတ်ဌာနထံမှ (၃-၆-၂၀၂၅)ရက်နေ့တွင် အစ္စလာမ့်တရားဥပဒေ ဖသဃဝါ ဓမ္မသတ်ဆုံးဖြတ်ချက် ရယူခဲ့ပြီးလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မဆွေဆွေမြင့် (ခ)ဇာကီရဟ်ဘီနှင့် ကိုထွန်းလှိုင်ဦး(ခ)မုဟမ္မဒ်ရဟီးမ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စကိုမျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မဆွေဆွေမြင့်(ခ)ဇာကီရဟ်ဘီ** | **ဦးမြတ်သန်းဦး [B.A(Eco:)H.G.P,D.A(1)]** |
| **အမှတ်(၈/၆၈)၊ ရူပလမ်း၊** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **(င/က)ရပ်ကွက်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** | **ရန်ကုန်မြို့။ (၀၉-၇၈၃၅၄၂၉၀၀)** |

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၂)၊ စောယွန်းလမ်း၊ တိုက်အမှတ်(၄၅)၊ အခန်းအမှတ်(၃၀၁)၊ ဒေါက်တာဝင်းမြင့်အမည်ပေါက် Owner Book ထွက်ရှိထားသော တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါ တိုက်ခန်းအား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးလွင် [၁၄/ပသန (နိုင်)၁၇၂၃၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ တိုက်ခန်း ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤအရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်သန္တာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက် အမှတ်- ၅၂၉/က၊ မြေကွက်တည်နေရာအမှတ်- ၅၂၉/က၊ ဖေယျာမြိုင်လမ်း၊ ၅၄ ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်သိန်းရှင် [၁၂/မရက(နိုင်)၀၈၂၄၂၉]၊ နှစ်(၆၀)မြေငှား ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သိန်းရှင် မိခင်ဖြစ်သူသည် (၅-၆-၂၀၁၈)ရက် နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးလှမောင်သည် (၁၀-၃-၂၀၀၁)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သား (၂)ဦးဖြစ်သူ (၁)ဦးကြည်ဝင်း၊ (၂) ဦးအုန်းမြင့်တို့ဖြစ်ကြပြီး အစ်ကိုကြီးဖြစ်သူ ဦးကြည်ဝင်း သည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် (၁၀-၉-၂၀၀၈)ရက်နေ့တွင်ကွယ်လွန်၍ အခြားသောမည်သူတစ်ယောက်ကိုမျှ ကိတ္တိမသမီးများအဖြစ် မွေးစားထားခြင်း လုံးဝမရှိပါကြောင်း၊ ကျန်သားတစ်ဦးဖြစ်သူ ဦးအုန်းမြင့်[၁၂/ဥကမ(နိုင်)၂၈၄၂၀၅]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူသားဖြစ်ကြောင်း၊ အထက်ပါ မြေကွက်၏အကျိုး ခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါ ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိ ပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၀၈၆/၂၀၂၄ (၃၁-၁၀-၂၀၂၄)၊ အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ ဦးကြည်ဝင်း သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုး အိမ်အသေး(၁)လုံးရှိပြီး လူမနေ အရပ် စာချုပ်ဝယ်ယူသူမှ အိမ်သော့ဖွင့်ပြ၍ ဦးအုန်းမြင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထား လာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၃–တိုးချဲ့၊ ငါးမာန်အောင်ဘုရားလမ်း၊ မြေကွက်အမှတ်– ၇၂၇၊ ဧရိယာ–(၀.၀၈၂၅)ဧကရှိ ဦးလှသိန်း(ခ)ဝေါင်လောရှင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးမြင့် [၁၂/တမန (နိုင်)၀၅၁၉၀၃]က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း တင်ပြ၍ အရောင်း အဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၅၀၀ ၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၉၃)၊ ဒုတိယထပ်၊ (ယာဘက်)၊ တိုက်ခန်းအကျယ် (၂၅ပေx ၆၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တိုက်ခန်းပိုင်ရှင် ဒေါ်စန်းအေး [၁၂/ကတတ (နိုင်)၀၀၉၈၉၅]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၉၅) (၃–၄–၂၀၁၂)**
**အမှတ် (၅၀)၊ ဒုတိယထပ်(ဝဲ)၊ အခန်း(၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၂၁၄၂၂၊ ၀၉–၉၆၅၀၂၁၄၂၂**

## ''Agency နှင့် Company ဖျက်သိမ်းကြောင်းကြော်ငြာ''

YGN BROTHER LOGISTICS SERVICES LIMITED သည် (၁၈)ရက်၊ အောက်တိုဘာလ (၂၀၂၃)ခုနှစ်မှ စတင်၍ လုပ်ငန်းများဆက်လက် လုပ်ကိုင်ခြင်းမရှိတော့ပါသဖြင့် Agency နှင့် Company အား ဖျက်သိမ်းကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**YGN BROTHER LOGISTICS SERVICES LIMITED**
**PH: 09–5175732**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ ပုဏ္ဏမီလမ်း၊ မြေကွက်အမှတ် (၁၈၂) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်၍ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မိုးသန်း [၁၂/လမန(နိုင်)၀၆၂၉၆၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်အောင် [၁၂/ပဘတ( ပြု )၀၀၀၄၂၀]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂–၆–၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုးချစ် (LLB)** — **ဒေါ်သက်ဝေအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၂၇၄)** — **အထက်တန်းရှေ့နေ (စဉ်– ၅၀၀၁၆)**
**တိုက်(B–8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–778849700, 09–773562082**

## "အများသိစေရန်ကြေညာချက်"

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊ အောင်သုခရပ်ကွက်၊ အောင်သုခလမ်း၊ ကွင်း/အမှတ် (၆၆၁/ဈေးကုန်း)၊ မြေဧရိယာ (၁.၀၈၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူများဖြစ်သော **ဒေါ်နန်းခင်ဝင်း [၁၃/လရန(နိုင်)၀၀၆၁၂၂]၊ ဒေါ်နန်းခင်ဌေး [၁၃/လရန(နိုင်)၀၀၆၁၂၁]**တို့မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်၊ လက်ရောက်ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်– (၂၈၈–ခ)၊ (အလျား ၂၀ ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ (၂)လမ်း၊ အမှတ် (၂၈၈–ခ) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏ အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဦးစိန်ဝင်း [၂/ဒမဘ(နိုင်)၀၅၉၀၅၃]**အမည်ပေါက်ကြောင်း၊ ရောင်းသူ **ဒေါ်အိသန္တာမွန် [၁၂/သဃက(နိုင်)၁၇၈၅၈၅]**မှ အဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်တင်သန္တာဦး [၁၂/ဗဟန(နိုင်)၀၇၅၁၉၁]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

